# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်

**၁၃၈၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၆ ရက်**

**(၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၀ ရက်)**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၈၄ အရ ဘဏ်များလိုက်နာဆောင်ရွက်ရန်အတွက် အောက်ပါလမ်းညွှန်ချက်အား ထုတ်ပြန်လိုက်သည်။

### အမည်နှင့်သက်ဆိုင်ခြင်း

၂။ ဤလမ်းညွှန်ချက်အား ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းစဉ်များ အပေါ် လမ်းညွှန်ချက် ဟု ခေါ်တွင်စေရမည်။

၃။ ဤလမ်းညွှန်ချက်သည် ဘဏ်များအားလုံးနှင့် သက်ဆိုင်စေရမည်။

### အဓိပ္ပာယ်ဖွင့်ဆိုချက်

၄။ ဤလမ်းညွှန်ချက်တွင် အသုံးပြုသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) ဆုံးရှုံးနိုင်ခြေ **(Risk)** ဆိုသည်မှာ လက်ရှိနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်ခြေရှိသော ဖြစ်ရပ်များနှင့် မသေချာမှုများမှတစ်ဆင့် ဘဏ်တွင် ဖြစ်ပေါ်လာနိုင်သည့် အရေးပါသော ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးမှုများကိုဆိုသည်။ အဓိကကျသော ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစား (၇) မျိုး (ချေးငွေ၊ ဈေးကွက်၊ ငွေကြေးလွယ်ကူမှုစသည်) တို့ကို လမ်းညွှန်ချက်၏ နောက်ဆက်တွဲ (၁) မှ (၇) ၌ သတ်မှတ်ဖော်ပြထားပါသည်။

(ခ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် **(Risk Management System)** ဆိုသည်မှာ ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေများကိုသတ်မှတ်ခြင်း (Risk Appetite)၊ ဆုံးရှုံး နိုင်ခြေများအား သတ်မှတ်ဖော်ထုတ်ခြင်း (Identifying)၊ တိုင်းတာစစ်ဆေးခြင်း (Measuring)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့် စီမံခန့်ခွဲခြင်း (Managing) တို့အတွက် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် အုပ်ချုပ်မှုအပါအဝင် ဘဏ်၏ ဒါရိုက်တာအဖွဲ့က ချမှတ်ထားသည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံခန့်ခွဲမှု မူဘောင်ကို ဆိုသည်။

(ဂ) ဆုံးရှုံးနိုင်ခြေလက်ခံလိုမှုမူဘောင် (Risk Appetite Framework) ဆိုသည်မှာ ဤလမ်းညွှန်ချက်၏ စာပိုဒ် ၂၄ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဃ) ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Test) ဆိုသည်မှာ ဖန်တီးတည်ဆောက်ထားသည့် ခက်ခဲသည့်အခြေအနေ (Unfavourable Scenario) တစ်ခု၌ မတည်ငွေရင်းနှင့် ငွေကြေးလွယ်ကူမှု လုံလောက်မှုအခြေအနေများသည် ဆိုးရွားသောဖြစ်ပေါ်မှု၏ သက်ရောက်မှုကို ခံနိုင်ရည်ရှိ/မရှိ ဘဏ်က ဆောင်ရွက်သည့် ဆန်းစစ်ချက်တစ်ခုကို ဆိုသည်။ ဖန်တီးတည်ဆောက်ထားသည့် ခက်ခဲသည့် အခြေအနေများတွင် စီးပွားရေးကျဆင်းခြင်း (Recession) ဖြစ်ပေါ်မှု၊ ငွေကြေးဈေးကွက်ကမောက်ကမဖြစ်မှု (Financial Market Crisis) သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်နှုန်း (Exchange Rate) အတက်အကျ ပြောင်းလဲမှုများသည့်ကိန်းရှင်ကဲ့သို့ ပြောင်းလဲခြင်းတို့ ပါဝင်ပါသည်။

(င) အဆင့်မြင့်စီမံခန့်ခွဲသူများ **(Seinor Management)** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၂ ၊ ပုဒ်မခွဲ (ထ) ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အမှုဆောင်အရာရှိချုပ် (Chief Executive)၊ ငွေရေးကြေးရေးအရာရှိချုပ် (Chief Financial Officer) နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer) တို့ အပါအဝင် ဘဏ်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများ စီမံခန့်ခွဲခြင်းအတွက် တာဝန်ရှိသည့် အရာထမ်းများကို ဆိုသည်။

(စ) အရာရှိ **(Officers)** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၂ ၏ သက်ဆိုင်ရာပုဒ်မခွဲများတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(ဆ) အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာ **(Independent Non–Executive Director)** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ဘဏ်၏ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၉/၂၀၁၉) ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

၅။ ဘဏ်များအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာ၌ ဆုံးရှုံးနိုင်ခြေများရှိသည်ကို သိရှိပြီး ဖြစ်သော်လည်း အဆိုပါ ဆုံးရှုံးနိုင်ခြေများကို လုံလောက်စွာ စီမံခန့်ခွဲခြင်းမရှိပါက သိသာ ထင်ရှားသော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ခြင်း၊ အမြတ်ရရှိနိုင်မှုနှင့် မတည်ရင်းနှီးငွေ အရင်းအမြစ်များကို လျော့နည်းစေခြင်း၊ ငွေအပ်နှံသူများ၏ အပ်နှံငွေများ ဆုံးရှုံးနိုင်ပြီး၊ ငွေရေးကြေးရေးတည်ငြိမ်မှုအပေါ် အန္တရာယ်ကျရောက်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် ဘဏ်များသည် ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ရန် (Identify)၊ တိုင်းတာ စစ်ဆေးရန် (Measure)၊ စောင့်ကြပ်ကြည့်ရှုရန် (Monitor) နှင့် ထိန်းချုပ်ကွပ်ကဲရန် (Control) တို့အတွက် ဘဏ်ဒါရိုက်တာအဖွဲ့က ကြီးကြပ်ကွပ်ကဲသည့် ပြည့်စုံသော ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုစနစ် (Comprehensive Risk Management System) တစ်ရပ် ချမှတ်ရန် လိုအပ်ပါသည်။ ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ကို အတိုးနှုန်း သို့မဟုတ် နိုင်ငံခြားငွေလဲလှယ်နှုန်းများကဲ့သို့ ငွေကြေးဆိုင်ရာကိန်းရှင်များတွင် ပြင်းထန်စွာ ဖြစ်ပေါ်နိုင်ခြေရှိသည့် ဖြစ်ရပ်များ သို့မဟုတ် အတက်အကျ ပြောင်းလဲမှုများကြောင့် ဘဏ်များကို ဖြစ်ပေါ်စေသည့် အားနည်းမှုများကို အကဲဖြတ်ဆန်းစစ်ရန်အတွက် အသုံးပြု ရမည်။ ဤစနစ်၌ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆုံးရှုံးနိုင်ခြေအန္တရာယ် စီမံခန့်ခွဲမှုလည်း ပါဝင်ရမည်။

၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၌ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ သတ်မှတ်ချက်များအား အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ ၇၄၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၁) နှင့် ပုဒ်မခွဲငယ် (၂) ၌ ဒါရိုက်တာအဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများတွင် ပြည့်စုံသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုနှင့် ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း နှင့်သုံးသပ်ခြင်းတို့ ပါဝင်စေရန် ပြဋ္ဌာန်းထားပါသည်။

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၅၈ ၌ ချေးငွေအမျိုးမျိုး ထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ လိုက်နာရမည့် လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရန် ပြဋ္ဌာန်းထားပါသည်။

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၃)အရ ဘဏ်အား အုပ်ချုပ်မှုစွမ်းရည် မြှင့်တင်ရန်၊ ဘဏ်တွင်းကြီးကြပ်ခြင်း အစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များကို တိုးမြှင့်ဆောင်ရွက်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားနိုင်ပါသည်။

၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သော ညွှန်ကြားချက်အမှတ် (၉/၂၀၁၉) ၌ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများတွင် ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) သတ်မှတ်ခြင်းနှင့် ဘဏ်၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒ (Risk Policy) နှင့် ဆုံးရှုံးနိုင်ခြေကန့်သတ်ချက် (Risk Limit) တို့အပေါ် ထိန်းသိမ်းလိုက်နာမှုကို စောင့်ကြပ်ကြည့်ရှုခြင်းအတွက် သတ်မှတ်ထားပြီးဖြစ်ပါသည်။

၈။ ငွေကြေးခဝါချခြင်းအန္တရာယ်များကို လျော့ပါးစေရေးအတွက် ထိရောက်စွာ စီမံခန့်ခွဲရန် ဌာနတွင်းအစီအစဉ်များ၊ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကြီးကြပ်ထိန်းသိမ်းမှုများကို ပြဋ္ဌာန်းခြင်း၊ ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းများ ပြုလုပ်ရန် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ( ၂၀၁၄ ခုနှစ်) ပုဒ်မ ၂၈ ၌ ပြဋ္ဌာန်းထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ထုတ်ပြန်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်၌လည်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မျှော်မှန်း ချက်များဖြစ်သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆုံးရှုံး နိုင်ခြေများကို ဘဏ်များက မည်ကဲ့သို့ စီမံခန့်ခွဲရမည်ကို လမ်းညွှန်ထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့ ထုတ်ပြန်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူ အပေါ် အလေးထားစိစစ်ခြင်းညွှန်ကြားချက်၌လည်း လမ်းညွှန်ထားပြီးဖြစ်ပါသည်။

၉။ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သက်ဆိုင်ရာဘဏ်၏ လုပ်ငန်းသဘောသဘာဝ (Nature)၊ လုပ်ငန်းအရွယ်အစားပမာဏ (Scale)နှင့် လုပ်ငန်းပိုင်းဆိုင်ရာရှုပ်ထွေးမှု (Complexity)တို့နှင့် လိုက်လျောညီထွေမှုရှိပြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်တစ်ရပ်အား ဘဏ်များက ချမှတ်ထားရှိစေရန်၊

(ခ) မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးစနစ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘဏ်များ၏ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်မည့်မဟာဗျူဟာနှင့်အစီအစဉ်များတွင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ တိုးမြှင့်စေရေး တွန်းအားပေးရန်၊

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆုံးရှုံးနိုင်ခြေအခြေခံသော ကြီးကြပ်စစ်ဆေးခြင်းအရ အကဲဖြတ်ဆန်းစစ်ရာ၌ အသုံးပြုသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စံသတ်မှတ်ချက်များကို ချမှတ်နိုင်စေရန်။

၁၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အဓိကကျသော စံသတ်မှတ်ချက်များအား ဤလမ်းညွှန်ချက်၌ သတ်မှတ်ထားပါသည်။ ထို့ပြင် အဓိကကျသော ငွေရေးကြေးရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့်ပတ်သက်၍ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ စံသတ်မှတ်ချက်အသေးစိတ်အား နောက်ဆက်တွဲ (၁) မှ (၇) ၌ ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Test) ဆိုင်ရာလမ်းညွှန်ချက် အသေးစိတ်အား သီးခြားထုတ်ပြန်သွားပါမည်။

## ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System)

၁၁။ ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) ၌ အောက်ပါအချက်များအား သေချာစွာ ဆောင်ရွက်ထားရပါမည်-

(က) **ဆုံးရှုံးနိုင်ခြေအား ပြည့်စုံစွာ သတ်မှတ်ဖော်ထုတ်ခြင်းစနစ် (System of Comprehensive Risk Identification)**။ ဘဏ်သည် ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရာ၌ လုပ်ငန်းသစ်များ ဆောင်ရွက်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော

ဆိုးရွားနိုင်ခြေများအပါအဝင် ဘဏ်၌ရှိသော အရေးပါသည့် ဆိုးရွားနိုင်ခြေများ အားလုံးကို သိရှိနားလည်ရပါမည်။ ဆိုးရွားနိုင်ခြေသတ်မှတ်ဖော်ထုတ်ခြင်း (Risk Idnetification) ဆောင်ရွက်ရာ၌ ဆိုးရွားနိုင်ခြေအရပ်ရပ်အပြင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ (Customers) နှင့် ဆောင်ရွက်ချက်များ (Transaction) ရှိ ဆိုးရွားနိုင်ခြေများ ပါဝင်ရန်လိုအပ်ပြီး၊ ၎င်းသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ဘဏ်များသည် အောက်ပါတို့ကို သတ်မှတ်ဖော်ထုတ်ရပါမည်-

(၁) ဘဏ်ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုတစ်ခုချင်းစီ သို့မဟုတ် ဘဏ်လုပ်ငန်းဌာန တစ်ခုချင်းစီ၌ အရေးပါသော လုပ်ငန်းသဘောသဘာဝအရ ရှိနေနိုင်သည့်ဆိုးရွားနိုင်ခြေများ (Inherent Risk)၊ (ဥပမာအားဖြင့်- ချေးငွေထုတ်ချေးခြင်းလုပ်ငန်းနှင့် ဆက်စပ်နေသည့် ချေးငွေဆိုင်ရာ ဆိုးရွားနိုင်ခြေ (Credit Risk) အပြင် ငွေကြေးလွယ်ကူမှု (Liquidity)၊ အတိုးနှုန်း (Interest Rate) နှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆိုးရွားနိုင်ခြေများ (Operational Risk))၊

(၂) ဆိုးရွားနိုင်ခြေအမျိုးအစားတစ်ခုချင်းစီအတွက် ဆက်စပ်နေသည့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအားလုံး (ဥပမာအားဖြင့်- ချေးငွေဆိုင်ရာ ဆိုးရွားနိုင်ခြေ (Credit Risk) နှင့်ဆက်စပ်နေသည့် ကုန်သွယ်မှုနှင့် သက်ဆိုင်သောချေးငွေ (Trade Finance)နှင့် နိုင်ငံခြားသုံးငွေလဲလှယ်သည့် လုပ်ငန်းများ (Foreign Exchange Business) နှင့် ချေးငွေများ) )။

(ခ) **ဆိုးရွားနိုင်ခြေတိုင်းတာစစ်ဆေးခြင်း နည်းစနစ်များ (Risk Measurement Methodologies)။** ဆိုးရွားနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ပြီးနောက် ယင်းဆိုးရွားနိုင်ခြေများသည် ဘဏ်၏ ငွေရေးကြေးရေးအခြေအနေအပေါ် သက်ရောက်နိုင်မှုအလားအလာကို ဆုံးဖြတ်နိုင်ရန် သင့်လျော်သော နည်းစနစ်များ အသုံးပြု၍၊ ဆိုးရွားနိုင်ခြေများကို တိကျမှန်ကန်စွာနှင့် အချိန်နှင့်တစ်ပြေးညီ တိုင်းတာစစ်ဆေးရပါမည်။ ဘဏ်များသည် ဆိုးရွားနိုင်ခြေ အရပ်ရပ်အပြင်

ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ (Customers) နှင့် ဆောင်ရွက်ချက်များ (Transaction) အပေါ် တိကျမှန်ကန်စွာ တိုင်းတာစစ်ဆေးနိုင်ရန် ဆုံးရှုံးနိုင်ခြေ တိုင်းတာစစ်ဆေးမှု နည်းလမ်းများကို ပုံမှန်စမ်းသပ်ဆောင်ရွက်ရပါမည်။

(ဂ) **ဆုံးရှုံးနိုင်ခြေများအား စောင့်ကြပ်ကြည့်ရှုခြင်း (Risk Monitoring)**။ ဆုံးရှုံးနိုင်ခြေကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးရာ၌ ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေ ( Risk Appetite) အပါအဝင် ဆုံးရှုံးနိုင်ခြေအခြေအနေများနှင့် ခြွင်းချက်အနေအထား များကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ခြင်းဆောင်ရွက်နိုင်ရန် သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Manangement Information System) ထားရှိရပါမည်။ စောင့်ကြပ်ကြည့်ရှုခြင်းအစီရင်ခံစာများသည် အချိန်နှင့်တစ်ပြေးညီ အချက်အလက် တိကျမှန်ကန်ပြည့်စုံရန် လိုအပ်ပါသည်။ လိုအပ်ပါက အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့တို့က ရယူကြည့်ရှု စစ်ဆေးနိုင်ရပါမည်။

(ဃ) **ဆုံးရှုံးနိုင်ခြေထိန်းချုပ်ကွပ်ကဲခြင်း (Risk Control)**။ ဘဏ်များသည် ဆုံးရှုံးနိုင်ခြေလျော့နည်းအောင်ဆောင်ရွက်နိုင်ရန်အတွက် ကန့်သတ်ချက်များ နှင့်နည်းလမ်းများ အပါအဝင် ဆုံးရှုံးနိုင်ခြေများကို သင့်လျော်သော ထိန်းချုပ် ကွပ်ကဲမှုများ ပြုလုပ်ရပါမည်။ ဘဏ်များသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း အတွက် တာဝန်ဝတ္တရားများနှင့် အခွင့်အာဏာများကို သတ်မှတ်ထားသည့် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ ထိန်းသိမ်းထားရှိရမည်။ ယင်းတို့၏ ဆုံးရှုံး နိုင်ခြေဆိုင်ရာကန့်သတ်ချက်များ၌ ခြွင်းချက်များ သို့မဟုတ် ပြောင်းလဲခြင်းများကို အတည်ပြုခြင်းနှင့်မှတ်တမ်းထားရှိခြင်း လုပ်ငန်းစဉ်ထားရှိရပါမည်။

၁၂။ ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်များ (Risk Management Systems) ၌ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်း ပါဝင်ရပါမည်။ ဘဏ်များအနေဖြင့် ယင်းတို့၏ဆက်သွယ်ဆောင်ရွက်သူများ၊ ဝန်ဆောင်မှုနှင့် ဆောင်ရွက်ချက်များ (Product and Services)၊ ဝန်ဆောင်မှုပေးသည့် လမ်းကြောင်းများ (Delivery Channels) ၎င်းတို့နှင့် ၎င်းတို့၏ဆက်သွယ်ဆောင်ရွက်သူများ၏ လုပ်ငန်းဆောင် ရွက်သည့် လုပ်ငန်းနေရာများမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို သိရှိနားလည်ရပါမည်။ ဘဏ်က သတ်မှတ်ဖော်ထုတ်ထားသော ဆုံးရှုံးနိုင်ခြေများကို လုံလောက်စွာထိန်းချုပ်နိုင်ရန်

ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်မည့်သူအား အလေးထားစိစစ်မှု၊ လက်ခံမှုနှင့် ဆက်လက်စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ချမှတ်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရပါမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ညွှန်ကြားချက်အမှတ် (၁၈/၂၀၁၉) နှင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ (၂၇) ရက်နေ့တွင် ထုတ်ပြန်သော ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လမ်းညွှန်ချက်၌ အသေးစိတ် သတ်မှတ်ချက်များအား ညွှန်ကြားထားပါသည်။

## ဆုံးရှုံးနိုင်ခြေအုပ်ချုပ်မှု (Risk Governance)။ ဒါရိုက်တာအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှု (Board Oversight )

၁၃။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)နှင့် ပုဒ်မခွဲငယ် (၂) ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ဘဏ်၏ ဒါရိုက်တာများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၉/၂၀၁၉)၊ အပိုဒ် ၁၂ ၌ ဖော်ပြထားသည့် တာဝန်ဝတ္တရားများအရ ဘဏ်၏ ဒါရိုက်တာများသည် အောက်ပါတို့ကို ဆောင်ရွက်ရပါမည်-

(က) ဘဏ်က လက်ခံလိုသောဆုံးရှုံးနိုင်ခြေမူဘောင် (Risk Appetite Framework) နှင့်ပြည့်စုံသော ဆုံးရှုံးနိုင်ခြေဆိုင်ရာမဟာဗျူဟာ (Comprehensive Risk Strategy) တစ်ရပ် ချမှတ်အတည်ပြုခြင်း၊ ဥပမာ - ဘဏ်၏လုပ်ငန်းဝန်ဆောင်မှုဆိုင်ရာ ချမှတ်ထားသော မဟာဗျူဟာနှင့်ကိုက်ညီသော ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့် ပမာဏများ၊

(ခ) ဘဏ်ကလက်ခံလိုသောဆုံးရှုံးနိုင်ခြေ (Risk Appetite)၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ မဟာဗျူဟာ (Risk Strategy)၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုအစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများ (Risk Policies)နှင့် လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲရန် အဆင့်မြင့်စီမံခန့်ခွဲသူများ၏ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်တို့ကို ထည့်သွင်းစဉ်းစားထားသည့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System)၊ ဘဏ်၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို အတည်ပြုခြင်း၊

(ဂ) အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဘဏ်၏ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ရန် (Identify)၊ တိုင်းတာစစ်ဆေးရန် (Measure)၊ စောင့်ကြပ်ကြည့်ရှုရန် (Monitor) နှင့်ထိန်းချုပ်ကွပ်ကဲရန် (Control) အတွက် လိုအပ်သော လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ထိန်းချုပ်ကွပ်ကဲမှုတို့ကို အသေအချာ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ဃ) ဒါရိုက်တာအဖွဲ့သည် ဘဏ်က လက်ခံလိုသောဆုံးရှုံးနိုင်ခြေများ (Risk Appetite) နှင့်စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်တိုးတက်မှုများအား အကဲဖြတ်ဆန်းစစ်နိုင်ရန် နှင့်အရေးယူဆောင်ရွက်မှုများကို ဆုံးဖြတ်နိုင်ရန် ဆုံးရှုံးနိုင်ခြေ၏ အရွယ်အစား (Size) နှင့် သိသာထင်ရှားမှု (Significance) ပါဝင်သည့် အစီရင်ခံစာများကို ရယူဆောင်ရွက်ခြင်း။

၁၄။ ဒါရိုက်တာအဖွဲ့ဝင်များသည် အချိန်ကာလအလိုက် ဖွင့်လှစ်သည့် ပုံမှန်သင်တန်းများကို တက်ရောက်ရပါမည်။ ဒါရိုက်တာအဖွဲ့ကော်မတီဝင်များအပါအဝင် ဒါရိုက်တာများသည် ယင်းတို့၏ တာဝန်များအား ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် သင့်လျော်သော ကျွမ်းကျင်မှုများ၊ အသိပညာဗဟုသုတများ ဖြည့်ဆည်းပေးရန် ဘဏ်များ၌ စဉ်ဆက်မပြတ် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ထားရှိရပါမည်။ ယင်းအစီအစဉ်တွင် အသေးစိတ်သုံးသပ်ချက်နှင့်အဖွဲ့အစည်း၏ သိသာထင်ရှားမှု သို့မဟုတ် ဘဏ်လုပ်ငန်းဝန်ဆောင်မှုအသစ်များ၏ ဆုံးရှုံးနိုင်ခြေမှတ်တမ်းအကျဉ်း (Risk Profile) နှင့်စည်းမျဉ်း၊စည်းကမ်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများအရ ကာလအပိုင်းအခြားအလိုက် နောက်ဆုံးအခြေအနေနှင့် ကိုက်ညီသော ပြင်ဆင်ဖြည့်စွက်ခြင်း ပါဝင်ရမည်။ ထို့ပြင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေလည်း ပါဝင်ရမည်။

၁၅။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၇၅ ၌ ပြဋ္ဌာန်းချက်အရ ဒါရိုက်တာအဖွဲ့သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee) အပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ ဖြစ်စေဖွဲ့စည်းနိုင်သည်။ ဒါရိုက်တာအဖွဲ့သည် ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်

(Risk Management System) တစ်ရပ်ဖော်ဆောင်ရာ၌ ရရှိမည့် အကျိုးကျေးဇူးများကို စဉ်းစားရမည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် အထူးသဖြင့် အရွယ်အစားပမာဏကြီးမားသော ဘဏ်များ (Large Banks) ၌ ဒါရိုက်တာအဖွဲ့အနေဖြင့် ယင်းကော်မတီများ ဖွဲ့စည်းရန် မျှော်မှန်းပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ၏ ဥက္ကဋ္ဌသည် အမှုဆောင်မဟုတ်သည့် သီးခြားလွတ်လပ်သောဒါရိုက်တာ ဖြစ်ရမည်။

၁၆။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၈၅ အရ သတ်မှတ်ပြဋ္ဌာန်းထားသော စာရင်းစစ်ကော်မတီ၏ တာဝန်၊ ဝတ္တရားများအပြင် အချို့သောအခြေအနေများတွင် ဘဏ်၏ ဒါရိုက်တာအဖွဲ့သည် စာရင်းစစ်ကော်မတီသို့ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းလုပ်ငန်းများကို ထပ်မံဆောင်ရွက်ရမည့် တာဝန်ဝတ္တရားအဖြစ် တာဝန်ခွဲဝေပေးခြင်းက သင့်လျော်ပါသည်။ ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းတာဝန်ကို တာဝန်ယူဆောင်ရွက်နေသည့် သက်ဆိုင်ရာ ဒါရိုက်တာအဖွဲ့ ကော်မတီများသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုအား ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံတင်ပြနိုင်ရန်အတွက် အစီအစဉ်များချမှတ်ထားရမည်။

## ဆုံးရှုံးနိုင်ခြေအုပ်ချုပ်မှု (Risk Governance) ။ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့၏ တာဝန်ဝတ္တရားများ (Responsibilities of Senior Manager)

၁၇။ အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဘဏ်၏ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဒါရိုက်တာအဖွဲ့က သဘောတူအတည်ပြုထားသည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ (Risk Policies and Procedures) အပြင် ဆုံးရှုံးနိုင်ခြေလက်ခံလိုမှုမူဘောင် (Risk Appetite Framework) တို့ကို သေချာစေရန် အောက်ပါတို့ ဆောင်ရွက်ရမည်-

(က) နေ့စဉ်လုပ်ငန်းများတွင် ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းအတွက် လုပ်ငန်းပိုင်းဆိုင်ရာ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် လုပ်ငန်းစဉ်များအဖြစ် ပြောင်းလဲဆောင်ရွက်ခြင်း၊

(ခ) ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲဆောင်ရွက်နေသူများအား ဆုံးရှုံးနိုင်ခြေ အသိပညာနှင့်ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု၏ အရေးပါမှုတို့ကို သိရှိမှုမြင့်တင်ရန်

အတွက် ဘဏ်အတွင်း ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ဝန်ထမ်းများ အတွက် သင့်လျော်သောသင်တန်းများနှင့် အခြားသော နည်းလမ်းများဖြင့် အထောက်အကူပြုဆောင်ရွက်ခြင်း၊

(ဂ) ကန့်သတ်ချက်များကို ချိုးဖောက်မှုများအပါအဝင် သိသာထင်ရှားသော ထူးခြားချက်များ (Signifinance Exceptions) အား သတ်မှတ်ဖော်ထုတ်ခြင်း၊ အစီရင်ခံခြင်းနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်ခြင်းများအား ဘဏ်အတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

၁၈။ အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဘဏ်၏ ဆုံးရှုံးနိုင်ခြေမှတ်တမ်းအကျဉ်း (Risk Profile) ကို စဉ်ဆက်မပြတ် သိရှိနားလည်ပြီး၊ ဘဏ်ကလက်ခံလိုသောဆုံးရှုံးနိုင်ခြေ (Risk Appetite) နှင့်စပ်လျဉ်းသည့် ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်တိုးတက်မှုကို ဒါရိုက်တာအဖွဲ့နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် စာရင်းစစ်ကော်မတီ သို့မဟုတ် သက်ဆိုင်ရာကော်မတီများထံသို့ အကြောင်းကြားရမည်။ ဒါရိုက်တာအဖွဲ့က အတည်ပြုထားသော ဆုံးရှုံးနိုင်ခြေလက်ခံလိုမှု မူဘောင် (Risk Appetite Framework) နှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံး လုပ်နည်းများ၌ ပြောင်းလဲမှုများရှိပါက ယင်းပြောင်းလဲမှုများကို အဆင့်မြင့်စီမံခန့်ခွဲသူများက အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၁၉။ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့ဝင်များသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများမှာ ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်နိုင်သည့် လုပ်ငန်းများဖြစ်ကြောင်း အသိပညာအပြည့်အဝ သိရှိနားလည်ရမည်။ အဆင့်မြင့်စီမံခန့်ခွဲမှုအဖွဲ့ဝင်များတွင် ဒါရိုက်တာအဖွဲ့၏ လက်ခံလိုသောဆုံးရှုံးနိုင်ခြေနှင့် ကိုက်ညီမှုရှိစေရန် ဆုံးရှုံးနိုင်ခြေများအား စီမံခန့်ခွဲနိုင်သည့် လုံလောက်သော အသိပညာနှင့် ကျွမ်းကျင်မှုများရှိရပါမည်။

၂၀။ ဒါရိုက်တာအဖွဲ့နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရှိ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်အတွက် အရာထမ်းတစ်ဦးအား ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး ဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer) အဖြစ် ခန့်အပ်ရမည်။ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးဆိုင်ရာ အရာရှိချုပ် (Chief Risk Management Officer) သည် ဤလမ်းညွှန်ချက်၌ ဖော်ပြထားသည့်အတိုင်း ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေးလုပ်ငန်းအတွက်တာဝန်ရှိပြီး၊ ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်တိုးတက်မှုများနှင့်စပ်လျဉ်း၍ ဒါရိုက်တာအဖွဲ့အစည်းအဝေးများသို့ တက်ရောက်၍ အစီရင်ခံတင်ပြရမည်။

**ဆိုးရှုးနိုင်ခြေအုပ်ချုပ်မှု (Risk Governance)။ ဆိုးရှုးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function)**

၂၁။ ဘဏ်များသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရှိ ဆိုးရှုးနိုင်ခြေများကို စီမံခန့်ခွဲရန်အတွက် အဆင့်မြင့်စီမံခန့်ခွဲသူများမှ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ် ချမှတ်ရမည်။ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်နေသည့်ဌာနများ အပါအဝင် ဆိုးရှုးနိုင်ခြေ လက်ခံဆောင်ရွက်နေသော လုပ်ငန်းများ သို့မဟုတ် ဝန်ထမ်းများနှင့် သီးခြားလွတ်လပ်သည့် လုပ်ငန်းတာဝန်ဖြစ်ရပါမည်။ ဘဏ်၏ဆိုးရှုးနိုင်ခြေစီမံခန့်ခွဲမှုအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ဝန်ထမ်းများသည် နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်တွင် ပါဝင်ဆောင်ရွက်နေမှုများ ရှိပါက ထိရောက်ပြီး၊ သီးခြားလွတ်လပ်မှုရှိသည့် ဆိုးရှုးနိုင်ခြေစီမံခန့်ခွဲမှုအပေါ်တွင် ထိခိုက်မှုမရှိစေရန် ထိန်းချုပ်ကွပ်ကဲမှုများ ချမှတ်ရပါမည်။

၂၂။ ဆိုးရှုးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) သည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရှိ လုပ်ငန်းသဘောသဘာဝအရရှိနေနိုင်သည့် ဆိုးရှုးနိုင်ခြေများ (Inherent Risk) အား စီမံခန့်ခွဲရာ၌ ကြီးကြပ်ကွပ်ကဲမှုကို အထောက်အကူပေးသည့် တာဝန်များ ဖြစ်ရမည်။ ဆိုးရှုးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) ၌ အောက်ပါတို့ ပါဝင်ရမည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာဆိုးရှုးနိုင်ခြေ အပါအဝင် လက်ရှိဖြစ်ပေါ်နေသော ဆိုးရှုးနိုင်ခြေများနှင့် ပေါ်ပေါက်လာနိုင်သည့် ဆိုးရှုးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်း၊

(ခ) ဆိုးရှုးနိုင်ခြေအကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆိုးရှုးနိုင်ခြေတိုင်းတာစစ်ဆေးမှု စနစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုးရှုးနိုင်ခြေများကို စီမံခန့်ခွဲရန် မူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် အခြားသော ကြပ်မတ်ကွပ်ကဲသည့် နည်းစနစ်များချမှတ်ခြင်းနှင့် အထောက်အကူပြုလုပ်ငန်းဌာနများ ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဃ) အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့တို့မှ အတည်ပြုချက်ဖြင့် ဘဏ်က လက်ခံလိုသော ဆိုးရှုးနိုင်ခြေများ (Risk Appetite)နှင့် ကန့်သတ်ချက်များနှင့် သက်ဆိုင်သည့်မူဘောင်အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊

(င) အတည်ပြုထားသော ဆုံးရှုံးနိုင်ခြေကန့်သတ်ချက်များနှင့် ဆန့်ကျင်သော အခြေအနေများအား စောင့်ကြပ်ကြည့်ရှုခြင်း၊

(စ) ဆုံးရှုံးနိုင်ခြေစောင့်ကြပ်ကြည့်ရှုခြင်း ရလဒ်များအား အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ဒါရိုက်တာအဖွဲ့နှင့် ဒါရိုက်တာအဖွဲ့နှင့် သက်ဆိုင်ရာ ကော်မတီများသို့ အစီရင်ခံတင်ပြခြင်း။

၂၃။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) ၌ ဘဏ်တစ်ခုလုံး၏ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် တာဝန်ရှိပါသည်။ ထို့ပြင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာနများ (Business Units) ကို စီမံခန့်ခွဲနေသည့် အရာထမ်းများသည်လည်း ၎င်းတို့ဆောင်ရွက်ချက်များရှိ ဆုံးရှုံးနိုင်ခြေများကို အကောင်းဆုံးသိရှိနားလည်ရန်လိုအပ်ပြီး၊ ယင်းဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန် တာဝန်ရှိပါသည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) အရ ဆုံးရှုံးနိုင်ခြေ သတ်မှတ်ဖော်ထုတ်ခြင်း (Risk Identification)၊ ဆုံးရှုံးနိုင်ခြေတိုင်းတာစစ်ဆေးခြင်း (Risk Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့်ထိန်းချုပ်ကွပ်ကဲခြင်း (Control) တို့နှင့်စပ်လျဉ်းသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Effective Risk Management System) အကောင်အထည်ဖော်ဆောင်ရွက်ရန် ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာန (Business Units) များရှိ အရာထမ်းများသည် ပူးပေါင်းဆောင်ရွက်ရပါမည်။

## ဆုံးရှုံးနိုင်ခြေလက်ခံလိုမှုမူဘောင် (Risk Appetite Framework)

၂၄။ ဘဏ်များသည် ယင်း၏ မဟာဗျူဟာရည်ရွယ်ချက်များနှင့် လုပ်ငန်းအစီအစဉ်များ အောင်မြင်ရန် ရယူလိုသော စုစုပေါင်းဆုံးရှုံးနိုင်ခြေအဆင့်နှင့် ဆုံးရှုံးနိုင်ခြေအမျိုးအစားများအတွက် ယင်းတို့၏ ဆုံးရှုံးနိုင်ခြေအပေါ် စွမ်းဆောင်နိုင်မှုအတွင်း လက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) ကို ကြိုတင်ဆုံးဖြတ်၍ ချမှတ်ထားရပါမည်။ အမြတ်ရရှိအောင် ဆောင်ရွက်ရာ၌ ဖြစ်ပေါ်စေနိုင်သည့် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ (Credit Risk)၊ ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေ (Market Risk) နှင့် ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Liquidity Risk) များကဲ့သို့ ဆုံးရှုံးနိုင်ခြေများနှင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် ပေါ်ပေါက်လာနိုင်သော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Operational Risk) နှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Reputational Risk) များကဲ့သို့ ဆုံးရှုံးနိုင်ခြေများကို ထည့်သွင်းစဉ်းစားရမည်။

၂၅။ ဘဏ်သည် ဆုံးရှုံးနိုင်ခြေလက်ခံလိုမှုမူဘောင် (Risk Appetite Framework) ကို အောက်ပါအတိုင်းအတာများဖြင့် သတ်မှတ်နိုင်ပါသည်–

(က) ဘဏ်က ရည်မှန်းထားသည့် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအဆင့်သတ်မှတ်ချက် (Credit Risk Rating)၊

(ခ) ဘဏ်ကရယူလိုသည့် အမြတ် သို့မဟုတ် အရှုံးပြောင်းလဲမှု ပမာဏ၊

(ဂ) ပုံမှန်အခြေအနေအပြင် အကြပ်အတည်းအခြေအနေများ၌ စည်းမျဉ်းဆိုင်ရာ အနည်းဆုံး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိစေရန်အတွက် မတည်ငွေရင်း လုံလောက်မှုအပေါ် အများဆုံးသက်ရောက်မှု (မတည်ငွေရင်းနှင့် ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်းရရန်ပိုင်ခွင့်များအချိုးဖြင့် တိုင်းတာမှု) သို့မဟုတ် ဘဏ်က ထိန်းသိမ်းထားလိုသည့် ငွေကြေးလွယ်ကူမှုအခြေအနေ၊

၂၆။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) နှင့် ဘဏ်၏ အဆင့်မြင့်စီမံခန့်ခွဲသူများက သုံးသပ်ထားသော ဘဏ်က လက်ခံလိုသောဆုံးရှုံးနိုင်ခြေ (Risk Appetite) ကို ထိန်းသိမ်းထားရမည်။ ထို့ပြင်ဘဏ်၏ ဒါရိုက်တာအဖွဲ့က ယင်းလက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) ကို အနည်းဆုံး တစ်နှစ်လျှင်တစ်ကြိမ် ပြန်လည်သုံးသပ် ရမည်။

## လုံလောက်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ

၂၇။ ဒါရိုက်တာအဖွဲ့နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများသည် ဘဏ်၏ ဆုံးရှုံးနိုင်ခြေများအား ဖြေရှင်းရန်အတွက် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများအား ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက် ရမည်။ ဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းအသေးစိတ်များသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ရည်ရွယ်ချက်အရ နေ့စဉ်အကောင်အထည်ဖော်ဆောင်ရွက်ရန်များအတွက် လမ်းညွှန်မှုများ ပေးရပါမည်။ ဆုံးရှုံးနိုင်ခြေတစ်ခုချင်းစီအတွက် အောက်ပါအချက်များပါဝင်ရမည်–

(က) ဆုံးရှုံးနိုင်ခြေလက်ခံလိုမှုမူဘောင် (Risk Appetite Framework)နှင့် အညီ ဘဏ်ကရယူလိုသည့် ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်စေနိုင်သည့် အရင်းအမြစ်များ (Sources of Risk)၊

(ခ) ဆိုးရွားနိုင်ခြေကိုတိုင်းတာစစ်ဆေးသည့် အဓိကနည်းလမ်းများ၊ ယူဆချက်များ၊ ကိန်းဂဏန်း အရင်းအမြစ်များပါသည့် ဘဏ်ကဆိုးရွားနိုင်ခြေကို တိုင်းတာစစ်ဆေးသည့် နည်းလမ်းများနှင့်လုပ်ငန်းဆောင်ရွက်ချက်အသီးသီးနှင့် ဆိုးရွားနိုင်ခြေအသီးသီးအပေါ် တိုင်းတာစစ်ဆေးသည့် စုစုပေါင်းဆိုးရွားနိုင်ခြေကို တိုင်းတာသည့်နည်းလမ်းများ၊

(ဂ) စောင့်ကြပ်ကြည့်ရှုရာ၌ ဆိုးရွားနိုင်ခြေအဆင့်များ (Monitoring Risk Levels)၊ အစီရင်ခံတင်ပြခြင်းနှင့်သက်ဆိုင်သည့် ဆိုးရွားနိုင်ခြေအဆင့်များ (Reporting Risk Levels)နှင့် ထူးခြားချက် (Exceptions)များ အား အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံတင်ပြရန်အတွက် လုပ်ထုံးလုပ်နည်းများ၊

(ဃ) ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာနများ (Business Unit) ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ(Accountability and Lines of Authority)၊

(င) ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုတာဝန် (Risk Management Function)၊ ဒါရိုက်တာအဖွဲ့ ဆိုးရွားနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee) သို့မဟုတ် ဒါရိုက်တာအဖွဲ့စာရင်းစစ်ကော်မတီ (Audit Committee) များ အပါအဝင် ဆိုးရွားနိုင်ခြေဆိုင်ရာကော်မတီများ (Risk Committee) နှင့် ဒါရိုက်တာအဖွဲ့၏ အခန်းကဏ္ဍနှင့်တာဝန်ဝတ္တရားများ၊

(စ) အာမခံပစ္စည်းများနှင့်အခြားသော အာမခံစာချုပ်စာတမ်းများ၊ အကာအကွယ်ပေးသည့်ဆောင်ရွက်ချက်(Hedging transactions) အပေါ် စီမံခန့်ခွဲသည့်မူဝါဒများ၊ ပါဝင်သော ဆိုးရွားနိုင်ခြေလျော့နည်းအောင် ဆောင်ရွက်သည့်မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ၊

(ဆ) ဆိုးရွားနိုင်ခြေနှင့်သက်ဆိုင်သော ကန့်သတ်ချက်များ၊ ဆိုးရွားနိုင်ခြေများနှင့်စပ်လျဉ်း၍ ဘဏ်တွင်းစာရင်းစစ် (Internal Audit) ၏ အခန်းကဏ္ဍများပါဝင်သည့် ဆိုးရွားနိုင်ခြေထိန်းချုပ်ကွပ်ကဲခြင်းအတွက် ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ၊

(ဇ) ဝန်ဆောင်မှုအသစ်များ (New Products)နှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုပုံစံအသစ်များ (New Business Lines) နှင့်စပ်လျဉ်း၍ ဆိုးရွားနိုင်ခြေအကဲဖြတ်ဆန်းစစ်သည့် လုပ်ထုံးလုပ်နည်းများ။

၂၈။ ဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၌ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကိုပါ ထည့်သွင်းထားရှိရမည်။ အဆိုပါ လုပ်ထုံးလုပ်နည်း၌ ဆက်သွယ်ဆောင်ရွက်သူများ (Customers)နှင့် ဆောင်ရွက်ချက်များ (Transactions) ၏ ဆုံးရှုံးနိုင်ခြေအပေါ် အကဲဖြတ်ဆန်းစစ်ခြင်း၊ ဆက်သွယ်ဆောင်ရွက်သူများအား သတ်မှတ်ဖော်ထုတ်ခြင်း (Identifications) နှင့် စိစစ်အတည်ပြုခြင်း (Verification)၊ ဆက်သွယ်ဆောင်ရွက်သူများအား အလေးထားစိစစ်ခြင်း (Customer Due Diligence) နည်းလမ်းများကို အသုံးပြုခြင်း၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအား အလေးထားစိစစ်ခြင်း (Customer Due Diligence) နည်းလမ်းများ ရှေ့ဆက်လက်ဆောင်ရွက်ခြင်းနှင့် ဆုံးရှုံးနိုင်ခြေမြင့်မားသော ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ (High Risk Customers) အား အလေးထားစိစစ်မှု တိုးမြှင့်ဆောင်ရွက်ခြင်း (Enhanced Due Diligence) နည်းလမ်းများပါဝင်သည့် မူဝါဒများ ပါရှိရပါမည်။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း ညွှန်ကြားချက်အမှတ် (၁၈/၂၀၁၉) ၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေသတ်မှတ်ချက်များအား အသေးစိတ်ညွှန်ကြားထားပါသည်။

၂၉။ ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများ (Risk Policies)၊ လုပ်ထုံးလုပ်နည်းများ (Producers) နှင့် ကန့်သတ်ချက်များ (Limits) အား ပြင်ဆင်ရန် လိုအပ်ချက်များရှိသည့်အခါတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆောင်ရွက်သည့်ဌာနများ (Business Units) ၏ စီမံခန့်ခွဲမှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) များနှင့်အညီ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် သေချာစွာဆောင်ရွက်ပြီး၊ ဒါရိုက်တာအဖွဲ့က ယင်းတို့အား ပုံမှန်ပြန်လည်သုံးသပ်ရမည်။ ပြန်လည်ပြင်ဆင်ထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား ဒါရိုက်တာအဖွဲ့က သဘောတူအတည်ပြုထားရှိရမည်။

၃၀။ ဆုံးရှုံးနိုင်ခြေအား တိုင်းတာစစ်ဆေးခြင်း (Measuring)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့်ကြပ်မတ်ကွပ်ကဲခြင်း (Controlling) တို့ဆောင်ရွက်ရာ၌ အသုံးပြုသော ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ (Risk Policies and Procedures) အား သင့်လျော်မှုရှိသည့် စာတမ်းအမှတ်အသားများဖြစ်ရမည်။ ယင်းပြန်လည်သုံးသပ်ထားသည့်

စာတမ်းအမှတ်အသားများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆောင်ရွက်နေသည့်ဌာနများ (Buisness Units) ၏ စီမံခန့်ခွဲသူများနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လုပ်ငန်းတာဝန် (Risk Management Function) အရ ထိန်းသိမ်းထားရှိပြီး၊ ယင်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ပုံမှန်ဆောင်ရွက်ခြင်း သို့မဟုတ် ပြောင်းလဲမှုရှိသည့် အခါတိုင်း ပြင်ဆင်ဆောင်ရွက်ရမည်။

## လုံလောက်သော ဆုံးရှုံးနိုင်ခြေစောင့်ကြပ်ကြည့်ရှုခြင်း (Adequate Risk Monitoring) နှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Management Information System)

၃၁။ ဒါရိုက်တာအဖွဲ့နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများသည် အရေးပါသော ဆုံးရှုံးနိုင်ခြေများ (Material Risks) အား စောင့်ကြပ်ကြည့်ရှုနိုင်ရန်နှင့် ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်တိုးတက်မှု (Risk Development) အား လိုအပ်သလို အရေးယူတုန့်ပြန်ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်၌ ထိရောက်သောစနစ်များ သေချာစွာဆောင်ရွက်ထားရှိရပါမည်။

၃၂။ ဆုံးရှုံးနိုင်ခြေစောင့်ကြပ်ကြည့်ရှုသည့်ဘဏ်၏နည်းလမ်းအား သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Management Information System) က အထောက်အကူပြုရပါမည်။ အဆိုပါစနစ်သည် သက်ဆိုင်ရာသတင်းအချက်အလက်များ တိကျမှန်ကန်စွာနှင့် အချိန်ကာလ အလိုက်ရရှိနိုင်ခြင်း၊ ဆီလျော်စွာ စုပေါင်းပေးခြင်းနှင့် ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံခန့်ခွဲသူများ၊ အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့အတွက် ပြည့်စုံသောအစီရင်ခံစာများ (Comprehensive Reports) အား ပြုစုခြင်းတို့ ဆောင်ရွက်ပေးနိုင်သည့်စနစ် ဖြစ်ရမည်။ ဘဏ်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်မှုများကို စီမံခန့်ခွဲဆောင်ရွက်နေသည့် ဝန်ထမ်းများအတွက် ပြုစုပေးသည့် အစီရင်ခံစာများ၌ ဆုံးရှုံးနိုင်ခြေများကို ထိရောက်စွာစီမံခန့်ခွဲနိုင်ရန်အတွက် အသေးစိတ်အချက်အလက်များ လုံလောက်စွာပါရှိရမည်။ အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့အတွက် ပြုစုပေးသည့် အစီရင်ခံစာများ၌ ဆုံးရှုံးနိုင်ခြေလက်ခံလိုမှု (Risk Appetite) နှင့်စပ်လျဉ်းသည့် အဓိကကျသောဖြစ်ပေါ်တိုးတက်မှုများ (Key Developments)၊ ကွဲလွဲချက်များ (Divergence)၊ ဆုံးရှုံးနိုင်ခြေ ဖြစ်ပေါ်စေနိုင်သည့် အဓိကကျသော အလားအလာ (Key Trend) နှင့်ပေါ်ပေါက်လာနိုင်သောဆုံးရှုံးနိုင်ခြေများကို ထင်ရှားစွာဖော်ပြထားရပါမည်။

၃၃။ ဆုံးရှုံးနိုင်ခြေအစီရင်ခံစာ၌ အတိုးနှုန်းများ (Interest Rates)၊ ငွေကြေးများ (Currencies)၊ အာမခံစာချုပ်စာတမ်းများ (Securities)၏ ဈေးကွက်ပေါက်ဈေးများစသည်တို့၏ အတက်အကျ ပြောင်းလဲမှုများကဲ့သို့ လုပ်ငန်းဝန်းကျင်ရှိ ဖွံ့ဖြိုးတိုးတက်မှုများနှင့် အဓိကကျသော မေခရို စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများ ပါဝင်ရမည်။ ထို့ပြင် ယင်းတို့သည် ဘဏ်၏ဆုံးရှုံးနိုင်ခြေများ အပေါ် မည်ကဲ့သို့ အကျိုးသက်ရောက်မည်ကို အကဲဖြတ်ဆန်းစစ်ချက်များ ပါဝင်ရမည်။

၃၄။ ဆုံးရှုံးနိုင်ခြေစောင့်ကြပ်ကြည့်ရှုခြင်းစနစ် (Risk Monitoring System) သည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲသူများ (Risk Managers) အား ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) အပါအဝင် ဆုံးရှုံးနိုင်ခြေကန့်သတ်ချက်များ (Risk Limit) အပေါ် ချိုးဖောက်မှုများကို သတ်မှတ်ဖော်ထုတ်ခြင်းနှင့် သင့်လျော်သည့် အရေးယူဆောင်ရွက်မှုများ တုန့်ပြန်ဆောင်ရွက်နိုင်သည့်စနစ် ဖြစ်ရမည်။

## ဘဏ်တွင်းစာရင်းစစ် (Internal Audit) အပါအဝင် လုံလောက်သော ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများ (Internal Control)

၃၅။ ဘဏ်များသည် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ဆုံးရှုံးနိုင်ခြေအပေါ် ထိရောက်သော ထိန်းချုပ်ကွပ်ကဲမှုများ ချမှတ်ထားရမည်။ ထိန်းချုပ်ကွပ်ကဲမှုများတွင် အောက်ပါအချက်များ အဓိကပါဝင်ရမည်-

(က) စနစ်များနှင့် လုပ်ထုံးလုပ်နည်းများအရ ကန့်သတ်ချက်များ (Limits) အား ထိရောက်စွာ ချမှတ်ရန်အတွက် ဘဏ်၏ ဆုံးရှုံးနိုင်ခြေများကို ကာမိသည့် ကန့်သတ်ချက်များဆိုင်ရာသော ပြည့်စုံသောမူဘောင် (Comprehensive Framework) တစ်ရပ်အား ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊

(ခ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management)နှင့် ဆုံးရှုံးနိုင်ခြေထိန်းချုပ်ကွပ်ကဲမှု (Risk Controls) များအား သီးခြားစီဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် တာဝန်ဝတ္တရားများနှင့် အစီရင်ခံတင်ပြမှု လမ်းကြောင်းများအား ဌာနတွင်း၌ သတ်မှတ်ထားရမည်။ထိုသို့သတ်မှတ်ရာ၌ ဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆောင်ရွက်နေသည့် လုပ်ငန်းဌာနများ (Business Uints)၏ ဆုံးရှုံးနိုင်ခြေအား စီမံခန့်ခွဲရာတွင် လွတ်လပ်စွာဆောင်ရွက်ခြင်း၊ ချေးငွေထုတ်ချေးခြင်းနှင့်

ချေးငွေထိန်းချုပ်ကွပ်ကဲမှု (Granting of Credit and Credit Control)၊ ရောင်းဝယ်မှုနှင့် စာရင်းရှင်းလင်းမှု (Trading and Settlement)၊ ပမာဏ ကန့်သတ်ချက်များ (Limits) အား သတ်မှတ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း တို့အတွက် တာဝန်ခွဲဝေသတ်မှတ်မှု၊

(ဂ) ဝန်ဆောင်မှုအသစ်များ (New Products) သို့မဟုတ် ဆက်သွယ်ဆောင်ရွက် သူများနှင့်ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ၊ မေခရိုစီးပွားရေးနှင့် အခြားသောဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများပါဝင်သော ဆုံးရှုံးနိုင်ခြေ အသစ်များ (New Risks) အား သတ်မှတ်ဖော်ထုတ်ရန်နှင့် အရေးယူတုန့်ပြန် ဆောင်ရွက်ရန်အတွက် လုပ်ထုံးလုပ်နည်းများ၊

(ဃ) ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ (Risk Policies and Procedures)နှင့် ဘဏ်က ရယူဆောင်ရွက်မည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာဆုံးဖြတ် ချက်များနှင့်စပ်လျဉ်း၍ ပြည့်စုံစွာပြုစုထားသည့် စာတမ်းအမှတ်အသားများ။

၃၆။ ထို့ပြင် ဆုံးရှုံးနိုင်ခြေအပေါ် ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုများနှင့်ပတ်သက်၍ ဘဏ်၏ ဒါရိုက်တာအဖွဲ့ (Board of Directors) သို့မဟုတ် စာရင်းစစ်ကော်မတီ (Audit Committee) ထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရသည့် သီးခြားလွတ်လပ်သောဘဏ်တွင်းစာရင်းစစ် (Independence Internal Auditor) က သင့်လျော်သလို အကဲဖြတ်ခြင်းနှင့်စမ်းသပ်စစ်ဆေးခြင်း ဆောင်ရွက် ရမည်။ အောက်ဖော်ပြပါသင့်လျော်သည့် ကိစ္စရပ်များအား အစီရင်ခံတင်ပြရန် ဘဏ်တွင်း စာရင်းစစ်ထံ တောင်းဆိုရမည်–

(က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ဆုံးရှုံးနိုင်ခြေလက်ခံလိုမှု( Risk Appetite) နှင့်ချမှတ်ထားသော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆုံးရှုံးနိုင်ခြေများအား သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းရှိ/မရှိ၊

(ခ) ဆုံးရှုံးနိုင်ခြေတိုင်းတာစစ်ဆေးမှုနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ ဆောင်ရွက်ရာ၌ အသုံးပြုသော သတင်းအချက်အလက်များ၏ မှန်ကန်မှုနှင့် ပြည့်စုံမှုတို့ပေါင်းစည်း ထားသည့် ဘဏ်၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ သတင်းအချက်အလက်စနစ် (Risk Management Information System)၊

(ဂ) ဆုံးရှုံးနိုင်ခြေကန့်သတ်ချက် ချိုးဖောက်မှုများအား အချိန်နှင့်တစ်ပြေးညီ သတ်မှတ်ဖော်ထုတ်ပြီး အစီရင်ခံတင်ပြခြင်း ရှိ/မရှိနှင့် ဘဏ်၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါ ချိုးဖောက်မှုများနှင့် ထူးခြားချက်များ အပေါ် အရေးယူတုန့်ပြန်ဆောင်ရွက်ခြင်း ရှိ/မရှိ၊

(ဃ) တာဝန်များခွဲခြားမှုနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) ၏သီးခြားလွတ်လပ်မှုတို့ ပါဝင်သည့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) အတွက် ဒါရိုက်တာအဖွဲ့က အတည်ပြုပေးထားသော လုပ်ငန်းစဉ်များနှင့်အညီ ထိရောက်သော တာဝန်ခံမှုများနှင့် တာဝန်ယူမှုများ (Accountabilities and Responsibilities) ရှိ/မရှိ၊

(င) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ အဓိကကျသော ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဘဏ်၏ လုံလောက်သော စာတမ်းအမှတ် အသားများနှင့် မှတ်တမ်းများ၊

(စ) ထိန်းချုပ်ကွပ်ကဲမှုနှင့်စပ်လျဉ်း၍ ယခင်ကသတ်မှတ်ဖော်ထုတ်ထားခဲ့သော အရေးပါသည့် အားနည်းချက်များအား သင့်လျော်မှန်ကန်စွာနှင့် အချိန်ကာလ အလိုက် ဖြေရှင်းဆောင်ရွက်ထားခြင်းရှိ/မရှိနှင့် အဆိုပါ အရေးပါသည့် အားနည်း ချက်များအပေါ် စီမံခန့်ခွဲသူများ၏ အရေးယူတုန့်ပြန်ဆောင်ရွက်မှုများအား စစ်ဆေးအတည်ပြု၍ ပြန်လည်သုံးသပ်ထားခြင်းရှိ/၊မရှိ။

၃၇။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) အပေါ် ဘဏ်တွင်း စာရင်းစစ်၏ တွေ့ရှိချက်များအား ဘဏ်၏ စာရင်းစစ်ကော်မတီနှင့် ဒါရိုက်တာအဖွဲ့က တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်ရမည်။

## ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing)

၃၈။ **ဘဏ်သည်** လုပ်ငန်းအရွယ်အစားပမာဏ (Scale)၊ လုပ်ငန်းသဘောသဘာဝ (Nature) နှင့်လုပ်ငန်းပိုင်းဆိုင်ရာရှုပ်ထွေးမှု (Complexity) တို့နှင့်လိုက်လျောညီထွေမှုရှိပြီး၊ အရေးပါသော ဆုံးရှုံးနိုင်ခြေများနှင့်ဆီလျော်မှုရှိသည့် တိကျခိုင်မာပြီး၊ ကောင်းမွန်စွာပြုစုထားသည့် ခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးခြင်းမူဘောင် (Stress Testing Framework) ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရမည်။ ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ကို ပုံမှန်ဆောင်ရွက်ရမည်။

ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ၌ ဘဏ်၏ ဆုံးရှုံးနိုင်ခြေများအား သတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းတာစစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်းများ ပါဝင်ရမည်။ ဘဏ်သည် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ကို အသုံးပြုရမည်။

၃၉။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) သို့မဟုတ် စမ်းသပ်ဆောင်ရွက်မည့် အကြိမ်အရေအတွက်နှင့် လုပ်ငန်းနယ်ပယ်များအား သတ်မှတ်ပေးပြီး၊ ဘဏ်များအား ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ရလဒ်များတင်ပြရန် ညွှန်ကြားသည့်အခါ ဘဏ်များသည် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ဆောင်ရွက်မည့်ပုံစံနှင့် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) ရလဒ်များနှင့် သင့်လျော်သည့် အရေးယူတုန့်ပြန်ဆောင်ရွက်နိုင်မှုများအား တင်ပြရမည်။

၄၀။ ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း (Stress Testing) အတွက် သတ်မှတ်ချက် အသေးစိတ်အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သီးခြားလမ်းညွှန်ချက်ဖြင့် ညွှန်ကြားပါမည်။

## ပြင်ပစာရင်းစစ် (External Audit)

၄၁။ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ အခန်း ၁၁ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဘဏ်၏ ပြင်ပစာရင်းစစ်များဆိုင်ရာညွှန်ကြားချက်အမှတ် (၁၀/၂၀၁၉) တို့၌ ပြင်ပစာရင်းစစ်နှင့်သက်ဆိုင်သော သတ်မှတ်ချက်များအား ပြဋ္ဌာန်းထားပါသည်။ သက်ဆိုင်ရာထိန်းချုပ်ကွပ်ကဲမှုများ အပါအဝင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) နှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား ပြင်ပစာရင်းစစ်များက ဖော်ထုတ်တင်ပြသည့်အခါ ဘဏ်၏ ဒါရိုက်တာအဖွဲ့ (Board of Directors)၊ စာရင်းစစ်ကော်မတီ (Audit Committee) နှင့် အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းကိစ္စရပ်များအား ဖြေရှင်းပြီး၊ သင့်လျော်သော အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ထားရမည်။ အဆိုပါကိစ္စရပ်များအား ပြင်ပစာရင်းစစ်၏ စာရင်းစစ်အစီရင်ခံစာ (External Auditors' Audit Report)၊ စီမံခန့်ခွဲသူများသို့ ပေးပို့သည့်စာ (Management Letter) သို့မဟုတ် စာရင်းစစ်ဆေးမှုနှင့်ဆက်စပ်နေသော အခြားသော အစီရင်ခံစာတို့၌ ဖော်ပြထားပါသည်။ ထို့ပြင် အဆိုပါကိစ္စရပ်များအား ဘဏ်၊ သက်ဆိုင်ရာဘဏ်၏ ပြင်ပစာရင်းစစ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ပြုလုပ်သည့် အစည်းအဝေး၌ ဆွေးနွေးနိုင်ပါသည်။

## မတည်ငွေရင်းစီမံခန့်ခွဲမှုအစီအစဉ် (Capital Management Plan)

၄၂။ ဘဏ်များသည် မတည်ငွေရင်းစီမံခန့်ခွဲမှုအစီအစဉ် (Capital Management Plan) အား ချမှတ်ထားရမည်။ ယင်းအစီအစဉ်အရ ဘဏ်က ရရှိနိုင်သောမတည်ငွေရင်းသည် ဘဏ်၏ ဆုံးရှုံးနိုင်ခြေအဆင့်နှင့် လိုက်လျောညီထွေမှုရှိရမည်။ ထို့ပြင် ဘဏ်လုပ်ငန်းဆောင်ရွက်သည့် ရည်ရွယ်ချက်များကို ပြည့်မီစေရန်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မတည်ငွေရင်းလုံလောက်မှုဆိုင်ရာစည်းမျဉ်း (အမိန့်ကြော်ငြာစာ အမှတ် ၁၆/၂၀၁၇) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်နိုင်ရန်အတွက်လည်း လုံလောက်စွာ ထိန်းသိမ်းထားရှိရမည်။

၄၃။ ဘဏ်များသည် ဆုံးရှုံးနိုင်ခြေများနှင့် ပတ်သက်ဆက်နွယ်သော မတည်ငွေရင်း လိုအပ်ချက်များအား အကဲဖြတ်ဆန်းစစ်ရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ မတည်ငွေရင်း လုံလောက်မှုဆိုင်ရာ သတ်မှတ်ချက်တွင် ပါဝင်ခြင်းမရှိသည့် ဆုံးရှုံးနိုင်ခြေများအပြင် ကျန် ဆုံးရှုံးနိုင်ခြေအားလုံးကိုလည်း ထည့်သွင်းစဉ်းစားရမည်။ လိုအပ်ပါက အနာဂတ်တွင် လိုအပ် လာနိုင်ခြေရှိသည့် မတည်ငွေရင်းလိုအပ်ချက်များနှင့် မတည်ငွေရင်းအသစ် ထပ်မံတိုးမြှင့်နိုင်မှု စွမ်းဆောင်ရည်အား အကဲဖြတ်ဆန်းစစ်ရမည်။ မတည်ငွေရင်းစီမံခန့်ခွဲမှုအစီအစဉ် (Capital Management Plan) များတွင် အစုရှယ်ယာရှင်များအား အမြတ်ဝေစုခွဲဝေပေးခြင်းဆိုင်ရာ ဘဏ်၏ မူဝါဒကိုလည်း ထည့်သွင်းစဉ်းစားရမည်။

၄၄။ ဘဏ်၏ မတည်ငွေရင်းစီမံခန့်ခွဲမှုအစီအစဉ် (Capital Management Plan) အား ဒါရိုက်တာအဖွဲ့က အတည်ပြုရမည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်စစ်ဆေးခြင်း (Supervision by the Central Bank of Myanmar)

၄၅။ သတ်မှတ်ထားသော စံသတ်မှတ်ချက်များအပေါ် ဘဏ်များက လိုက်နာဆောင်ရွက်မှု ရှိ/မရှိ သေချာစေရန် ဘဏ်၏လုပ်ငန်းဆောင်ရွက်မှုများကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ ပုဒ်မ ၉၃ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကြီးကြပ်ထိန်းကျောင်းရန် တာဝန်နှင့် ဝတ္တရားရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ယင်းဥပဒေပါ တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ်များကို ကြီးကြပ်စစ်ဆေးရာတွင် ဘဏ်များ၏ ဆုံးရှုံးနိုင်ခြေ

စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များအား ထည့်သွင်းစဉ်းစားထားသည့် ဆုံးရှုံးနိုင်ခြေအခြေခံသော ကြီးကြပ်စစ်ဆေးခြင်းနည်းလမ်း ကျင့်သုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ဘဏ်များက အောက်ပါတို့ကို ဆောင်ရွက်ထားရှိရန် မျှော်မှန်းပါသည်-

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားချက်များနှင့် ဤလမ်းညွှန်ချက်ပါ သတ်မှတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများအပါအဝင်၊ ၎င်းတို့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာမူဝါဒနှင့်လုပ်ထုံးလုပ်နည်း အသေးစိတ်အား ဘဏ်များက ရှင်းလင်းတင်ပြမှုပြုနိုင်ရမည်။ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်နှင့်သက်ဆိုင်သည့် စာတမ်းအမှတ်အသားမိတ္တူများ မည်သည့်အချိန်၌မဆို တင်ပြရန် ဘဏ်သို့ တောင်းခံနိုင်သည်။ ယင်းတို့၌ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၊ ဆုံးရှုံးနိုင်ခြေဆိုင်ရာ ဘဏ်တွင်းအစီရင်ခံစာများနှင့် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့်စပ်လျဉ်းသည့် ဘဏ်တွင်းစာရင်းစစ်အစီရင်ခံစာများ ပါဝင်သည်။

(ခ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၉၁ အရ ဘဏ်အား ကြီးကြပ်စစ်ဆေးရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးသူများနှင့်ပြုလုပ်သည့် အစည်းအဝေးများ၌ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်း၍ ဘဏ်၏ လက်တွေ့လုပ်ငန်းဆောင်ရွက်နေမှုများဆွေးနွေးရာ၌ ဘဏ်၏ မူဝါဒများနှင့် လုပ်ငန်းစဉ်များအပေါ် မေးမြန်းသည့် အသေးစိတ်မေးခွန်းများအား ဆွေးနွေးနိုင်ပါသည်။

(ဂ) ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်း၍ လတ်တလော ဆုံးဖြတ်ချက်များအရ ဆုံးရှုံးနိုင်ခြေများ မည့်ကဲသို့ ဖြစ်ပေါ်နေကြောင်းနှင့် အနာဂတ်တွင် မည့်ကဲ့သို့ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်းကို ဖြေရှင်းဆောင်ရွက်မှုပြုနိုင်ရမည်။ ဆုံးရှုံးနိုင်ခြေဆိုင်ရာဘဏ်တွင်းအစီရင်ခံစာများ (Internal Risk Report) တင်ပြရန် ဘဏ်သို့ တောင်းခံနိုင်ပါသည်။ ယင်းတို့တွင် ဒါရိုက်တာအဖွဲ့ (Board of Directors) သို့မဟုတ် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee) သို့ တင်ပြသည့် ဆုံးရှုံးနိုင်ခြေဆိုင်ရာအစီအရင်ခံစာများလည်း ပါဝင်သည်။

၄၆။ ဆုံးရှုံးနိုင်ခြေလက်ခံလိုမှု (Risk Appetite)၊ ဆုံးရှုံးနိုင်ခြေမဟာဗျူဟာ (Risk Strategy) နှင့်ဆုံးရှုံးနိုင်ခြေဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၌ အဓိကကျသော ပြောင်းလဲမှုများ အပါအဝင် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုစနစ် (Risk Management System) ၌ သိသာထင်ရှားသော အပြောင်းအလဲများရှိပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ အသိပေးတင်ပြရမည်။ ထိုသို့ တင်ပြရာ၌ အသစ် သို့မဟုတ် သိသာထင်ရှားစွာ ပြန်လည်ပြင်ဆင်ထားသော စာတမ်း အမှတ်အသားများအား ပြောင်းလဲရသည့် အကြောင်းအရင်း၊ သဘောသဘာဝ ရှင်းလင်း ချက်များနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

၄၇။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပုံမှန်အစီရင်ခံတင်ပြနေသည့် လက်ကျန်ရှင်းတမ်း (Balance Sheet) ၊ ဝင်ငွေရှင်းတမ်း (Income Statement) စသည်တို့အပြင် ဆုံးရှုံးနိုင်ခြေများ နှင့်စပ်လျဉ်းသည့် စာရင်းအင်းနှင့် အခြားသောသတင်းအချက်အလက်များအား မြန်မာ နိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြရမည်။

**အရေးယူဆောင်ရွက်ခြင်း**

၄၈။ ဤလမ်းညွှန်ချက်အား လိုက်နာရန်ပျက်ကွက်ပါက ဘဏ်သည် လမ်းညွှန်ချက်အား ချိုးဖောက်သည့်အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၉၄ နှင့် ပုဒ်မ ၉၆ အရ ဘဏ်အား ပြန်လည်တည့်မတ်စေရန် အရေးယူဆောင်ရွက်ခြင်းနှင့် အဆိုပါဥပဒေ ပုဒ်မ ၁၅၄ ပါ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းခံရမည်။

**အကျိုးသက်ရောက်ခြင်း (Effectiveness)**

၄၉။ ဤလမ်းညွှန်ချက်သည် ထုတ်ပြန်သည့်နေ့မှစ၍ ၆ လ ပြည့်မြောက်သည့်နေ့တွင် အကျိုးသက်ရောက်စေရမည်။

**အထွေထွေ**

၅၀။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ခဲ့သည့် ချေးငွေဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု ညွှန်ကြားချက်အမှတ် (၄/၂၀၁၇) အား ဤလမ်းညွှန်ချက် စတင်အကျိုးသက်ရောက်သည့်နေ့တွင် ရုပ်သိမ်းပြီး ဤလမ်းညွှန်ချက်ဖြင့် အစားထိုးလိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)

( ဘိုဘိုငယ်၊ ဒုတိယဥက္ကဋ္ဌ)

**နောက်ဆက်တွဲ (၁)**

## ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ (Credit Risk)

ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ (Credit Risk) ဆိုသည်မှာ ဘဏ်က ထုတ်ချေးထားသည့် ချေးငွေအမျိုးအစား တစ်ရပ်ရပ်ကို ငွေချေးယူသူ (Borrower) က ၎င်း၏ပေးဆပ်ရန်တာဝန်များကို ပျက်ကွက်ခြင်းကြောင့် အရှုံးဖြစ်ပေါ်စေခြင်း သို့မဟုတ် ချေးယူသူ (Borrower)/ မိတ်ဖက်အဖွဲ့အစည်း (Counterparty) ၏ ချေးငွေအရည်အသွေးတွင် အပြောင်းအလဲတစ်ရပ်ရပ်ရှိခြင်းကြောင့် ဘဏ်၏ရရန်ပိုင်ခွင့်များမှ တန်ဖိုးလျော့နည်းခြင်း ဖြစ်ပေါ်စေသည့် ဆုံးရှုံးနိုင်ခြေကိုဆိုသည်။

၁။ ဘဏ်များသည် ၎င်းတို့၏လုပ်ငန်းများဖြစ်သည့်ချေးငွေများ၊ ကုန်သွယ်မှုနှင့်သက်ဆိုင်သော ချေးငွေ (Trade Finance)၊ ဘဏ္ဍာငွေ (Treasury) နှင့် နိုင်ငံခြားသုံးငွေလဲလှယ်ရောင်းဝယ်ရေး လုပ်ငန်းများ (Foreign Exchange Operations) အပြင် ရင်းနှီးမြှုပ်နှံမှုများ၊ အခြားသော ရရန်ပိုင်ခွင့်များနှင့် ၎င်းတို့၏ လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော လုပ်ငန်းများ၌ရှိသည့် အရေးပါသောချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ အရင်းအမြစ်များအားလုံးကို သတ်မှတ်ဖော်ထုတ်ရမည်။

၂။ ဘဏ်များသည် အရေးပါသော ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေများအား သင့်လျော်သော တိုင်းတာမှုနည်းစနစ်များ ကျင့်သုံးဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ နည်းစနစ်များ အသုံးပြုရမည် -

(က) ငွေချေးယူသူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား အကဲဖြတ်ဆန်းစစ်ရန်နှင့် ချေးငွေအရည်အသွေးအဆင့်များ (Credit Quality Ratings) သတ်မှတ်ရန်အတွက် ချေးငွေပျက်ကွက်မှုဖြစ်တန်စွမ်း (Probability of Default)၊ ချေးငွေပျက်ကွက်ခြင်းကြောင့် အရှုံး (Loss Given Default) စသည်တို့အပြင် ချေးငွေသတင်းအချက်အလက်ဌာန (Credit Bureau) မှရရှိသည့် သတင်းအချက်အလက်များနှင့် ကျွမ်းကျင်ပညာရှင်များ၏ သုံးသပ်ချက် (Expert Judgement) တို့ပါဝင်သည့် နည်းလမ်းများနှင့်နည်းစနစ်များ၊

(ခ) ငွေချေးယူသူ၏ ငွေရေးကြေးရေးဆိုင်ရာ အင်အားခိုင်မာတောင့်တင်းမှု (Borrower's Financial Strength) နှင့် ပြန်လည်ပေးဆပ်နိုင်မှုအပေါ် ဦးစားပေး အခြေခံ၍ ချေးငွေအတိုးနှုန်းအပါအဝင် ချေးငွေသက်တမ်းမည်မျှဖြင့် ထုတ်ချေးရန် ခွင့်ပြုမည်/ခွင့်မပြုမည်ကို ဆုံးဖြတ်ခြင်းမပြုမီ ချေးငွေအသစ်များပေါ်၌ ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအား အကဲဖြတ်ဆန်းစစ်မည့် နည်းလမ်းများ၊

(ဂ) အောက်ပါတို့ကိုတိုင်းတာစစ်ဆေးနိုင်ရန်အတွက် ရရှိနိုင်သည့် လက်ရှိဈေးကွက်ပေါက်ဈေးများ (Current Market Prices)နှင့် ချေးငွေအဆင့် သတ်မှတ်ချက်များ (Credit Ratings) ကို အသုံးပြုခြင်း –

(၁) ပြန်ရချက်နှုန်းထား ကွာဟချက်များ (Credit Spreads) ကို သတ်မှတ်ဖော်ထုတ်၍ ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ၊

(၂) နိုင်ငံခြားသုံးငွေလဲလှယ်ရောင်းဝယ်ရေးလုပ်ငန်း (Foreign Exchange)၊ ဘဏ္ဍာငွေလုပ်ငန်းများ (Treasury Business) စသည်တို့ရှိ မိတ်ဖက်အဖွဲ့အစည်းများနှင့် စာရင်းရှင်းလင်းမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ။

(ဃ) အရင်းနှင့်အတိုး ပုံမှန်ပေးဆပ်လျက်ရှိပြီး၊ ဆက်လက်ပေးဆပ်ရန်အလားအလာရှိသောချေးငွေများနှင့် အရင်းနှင့်အတိုးပုံမှန်ပေးဆပ်ရန် ပျက်ကွက်လာပြီး၊ ထိုသို့ပျက်ကွက်ရာမှ အရင်းနှင့်အတိုးပေးဆပ်ရန်ပျက်ကွက်လာသော ချေးငွေများအား ခွဲခြားသတ်မှတ်ခြင်း၊

(င) ချေးငွေများနှင့်အခြားသော ချေးငွေအမျိုးအစားများအတွက် စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ စာရင်းရေးသွင်းခြင်း၊

(စ) အောက်ပါတို့ကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုအစုအဝေး (Portfolio) ၏ ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအား တိုင်းတာစစ်ဆေးရန်အတွက် နည်းလမ်းများထားရှိခြင်း –

(၁) တစ်ဦးချင်း ငွေချေးယူသူများ၊ စီးပွားရေးလုပ်ငန်းကဏ္ဍများ၊ နိုင်ငံများစသည့် တစ်ခုတည်းအပေါ် စုစည်းဆောင်ရွက်ထားခြင်းမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေအား တိုင်းတာစစ်ဆေးခြင်း၊

(၂) အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သော ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအား ကြိုတင်ခန့်မှန်း အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်းများ (Stress Test)။ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်မည့် ဘဏ်များကခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်၌ ကြည့်ရှုရန်)

၃။ ဘဏ်များသည် အရေးပါသော ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်ကြည့်ရှုရာ၌ အောက်ပါတို့ပါဝင်ရမည်-

(က) ငွေချေးယူသူ လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ချေးငွေများအား ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာသတင်းအချက်အလက်များအား အကဲဖြတ်သုံးသပ်ခြင်းနှင့် စီမံခန့်ခွဲသူများနှင့်သင့်လျော်သလိုတွေ့ဆုံဆွေးနွေးခြင်း၊

(ခ) အာမခံပစ္စည်း ပြန်လည်တန်ဖိုးသတ်မှတ်ခြင်းအား ပုံမှန်ဆောင်ရွက်ခြင်းနှင့် အာမခံတန်ဖိုးလျော့နည်းမှုကို အရေးယူတုန့်ပြန်ရန် လိုအပ်သောပမာဏကို ဖြည့်တင်းဆောင်ရွက်ခြင်း၊

(ဂ) ချေးငွေအဆင့်သတ်မှတ်ချက်များ (Credit Ratings) ပြောင်းလဲမှုများနှင့် ရင်းနှီးမြှုပ်နှံမှုအစုအဝေး (Investment Portfolio) အပေါ်ပြန်ရချက်နှုန်းထား ကွာဟချက်များ (Credit Spreads) ကိုစောင့်ကြပ်ကြည့်ရှုခြင်း၊

(ဃ) သက်တမ်းစေ့ရောက်ချိန်၌ ပေးဆပ်ခြင်းမရှိသေးသည့်ချေးငွေများ (Deliquent Credits) အား သီးသန့်စီမံခန့်ခွဲသောဌာနသို့ လွှဲပြောင်းပေးသည့်ကိစ္စရပ်များ အပါအဝင် အဆိုပါချေးငွေများအား ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် လုပ်ထုံးလုပ်နည်းများထိန်းသိမ်းထားရှိခြင်း၊

(င) သက်တမ်းစေ့ရောက်ချိန်၌ ပေးဆပ်ခြင်းမရှိသေးသည့် ချေးငွေများ (Deliquent Loans) အရင်းနှင့်အတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေများ (Non-performing Loans) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရရန်ပိုင်ခွင့်အမျိုးအစားသတ်မှတ်ခြင်းနှင့်လျာထားခြင်းဆိုင်ရာစည်းမျဉ်း (အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇) နှင့် အညီ လျာထားခြင်း၊

(စ) သတင်းအချက်အလက်များစီမံခန့်ခွဲမှုစနစ် (Management Information Systems) မှရရှိသော ဘဏ်၏ ချေးငွေဆုံးရှုံးနိုင်ခြေဆိုင်ရာ သတင်းအချက်အလက်များသည် တိကျမှန်ကန်မှုရှိပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိရမည်။ အဆိုပါစနစ်သည် တူညီသောမိတ်ဖက်အဖွဲ့အစည်း (Counterparty)၊ ဆက်နွယ်နေသောမိတ်ဖက်အဖွဲ့အစည်းအုပ်စုများ (Groups of Connected Counterparties) နှင့် စီးပွားရေးလုပ်ငန်းကဏ္ဍတစ်ခုချင်းစီသို့ ထုတ်ချေးထားသောကြွေးမြီအမျိုးအစားအမျိုးမျိုးပါဝင်သော စုစုပေါင်းကြွေးမြီ အခြေအနေအားစုစည်းဖော်ပြပေးနိုင်ခြင်း၊

(ဆ) ချေးငွေကော်မတီ (Credit Committee)၊ အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာကော်မတီ (Risk Management Committee)နှင့် ဒါရိုက်တာအဖွဲ့သို့ ရင်းနှီးမြှုပ်နှံမှုအစုအဝေးဆိုင်ရာဆုံးရှုံးနိုင်ခြေ (Portfolio Risk) ပါဝင်သည့် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအစီရင်ခံစာများအား ပုံမှန်အစီရင်ခံတင်ပြခြင်း။

၄။ ဘဏ်များသည် ၎င်းတို့လုပ်ငန်း၌ အရေးပါသောချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအားလုံးကို ထိန်းချုပ်ကွပ်ကဲရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့် အရင်းအမြစ်များအားလုံးအပါအဝင် ဒါရိုက်တာအဖွဲ့က ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေအတွက် အတည်ပြုထားသော ဘဏ်ကလက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) နှင့် မဟာဗျူဟာတို့ကို ချမှတ်ခြင်းနှင့် ယင်းချမှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) အောက်တွင်ဖော်ပြထားသော ကြွေးမြီများအပါအဝင် ကြွေးမြီများအပေါ် ကန့်သတ်ချက်များချမှတ်ခြင်းနှင့် လိုက်နာဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုခြင်း -

(၁) ချေးငွေအမျိုးအစား စုစုပေါင်းတွင် စာရင်းပိုထုတ် ချေးငွေများပါဝင်မှုအချိုးအစားနှင့် လက်ကျန်ရှင်းတမ်းတွင်မပါဝင်သော လုပ်ငန်းများမှ ပေါ်ပေါက်လာသည့် ကြွေးမြီများစသည်တို့၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ချေးငွေအမျိုးအစားများ၊

(၂) ပြည်တွင်းနှင့်ပြည်ပရှိ အခြားသောဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပါအဝင် စီးပွားရေးလုပ်ငန်းအုပ်စုတစ်ခုခု (Single Counterparties) နှင့် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စုများ (Groups of Connected Counterparties)၊

(၃) အခြားသောနိုင်ငံများအပါအဝင် သီးခြားသတ်မှတ်ထားသောစီးပွားရေးလုပ်ငန်းကဏ္ဍများနှင့် ပထဝီဒေသအနေအထားများ (Geographic Regions)၊

(၄) အာမခံပစ္စည်းအမျိုးအစားများ၊

(၅) ဆက်နွှယ်နေသူများ၊

(၆) မန်နေဂျာတစ်ဦးချင်းစီကအတည်ပြုပြီး၊ ထုတ်ချေးထားသောချေးငွေများ။

(ဂ) ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သောပစ္စည်းများအပါအဝင် အာမခံများ ပစ္စည်းပုံစံအမျိုးမျိုးဖြင့် ရယူခြင်း၊ အာမခံများရယူခြင်း (Guarantees) စသည့် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေ လျော့နည်းအောင်ဆောင်ရွက်ရန် နည်းစနစ်များ ချမှတ်ခြင်း၊

(ဃ) ချေးငွေကော်မတီ (Credit Committee) ၏ တာဝန်ဝတ္တရားများအပါအဝင် ချေးငွေအတည်ပြုခြင်းနှင့် ချေးငွေထုတ်ပေးခြင်းများ (Disbursements)၊ အကယ်၍ ချေးငွေပြန်လည်ပေးဆပ်ရန်ပျက်ကွက်ခြင်းကြောင့် အပေါင်ပစ္စည်းသိမ်းယူခြင်းများ (Foreclosures) နှင့် ပြန်လည်မရရှိနိုင်သော ချေးငွေများ (Irrecoverable Loans) ကိုစာရင်းမှပယ်ဖျက်ခြင်း (Write–off) တို့ပါဝင်သော အခြားသောချေးငွေဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် လုပ်ပိုင်ခွင့်အာဏာ အဆင့်အဆင့်သတ်မှတ်ခြင်း၊

(င) ချေးငွေပြန်လည်ပေးဆပ်ရန် ညှိနှိုင်းပြင်ဆင်သတ်မှတ်ခြင်း (Restructuring)၊ ချေးငွေပြန်လည် ပေးဆပ်ရန်ကာလ တိုးမြှင့်ပြင်ဆင်ခွင့်ပြုခြင်း (Rescheduling) သို့မဟုတ် အတိုးနှုန်းပြောင်းလဲခြင်းစသည့်ပြုပြင်ရေး ဆောင်ရွက်ချက်များ (Remedial Actions) နှင့် ပြန်လည်မရရှိနိုင်သောချေးငွေများ (Irrecoverable Loans) အားစာရင်းရေးသွင်းခြင်း၊ ပယ်ဖျက်ခြင်း (Write–off) များအပါအဝင် သက်တမ်းစေ့ရောက်ချိန်၌ ပေးဆပ်ခြင်းမရှိသေးသည့် ချေးငွေများ (Deliquent Credits) အား စီမံခန့်ခွဲရန်အတွက် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊

(စ) ချေးငွေဆိုင်ရာ အကဲဖြတ်ဆန်းစစ်ခြင်း (Assessment)၊ အတည်ပြုခြင်း (Approval)၊ ထုတ်ပေးခြင်း (Disbursement)၊ စီမံခန့်ခွဲခြင်း (Administration) စသည့် တာဝန်များအား ခွဲခြားသတ်မှတ်ခြင်းနှင့် သက်တမ်းစေ့ရောက်ချိန်၌ ပေးဆပ်ခြင်း မရှိသေးသည့် ချေးငွေများ (Deliquent Credits) အား စီမံခန့်ခွဲရန် သီးသန့် ဌာန၏ တာဝန်များနှင့် အရင်းနှင့်အတိုး ပုံမှန်ပေးဆပ်နေသော ချေးငွေများကို စီမံ ခန့်ခွဲရန် တာဝန်များအား သီးခြားသတ်မှတ်ခြင်း၊

(ဆ) ဆုံးရှုံးနိုင်ခြေဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) ၌ ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေလုပ်ငန်းဌာန (Credit Risk Unit) ရှိ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer) သို့မဟုတ် ဘဏ်တစ်ခုလုံးနှင့်သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်ထံသို့ အစီရင်ခံတင်ပြသည့်စနစ်ချမှတ်ခြင်း၊

(ဇ) ဘဏ်လုပ်ငန်းအမျိုးအစား ဝန်ဆောင်မှုအသစ်များနှင့် လုပ်ဆောင်ချက်များ အတွက် ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ဆန်းစစ်ရန်နှင့် အဆိုပါ ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေသည် ဘဏ်ကလက်ခံလိုသော ဆုံးရှုံးနိုင်ခြေအတွင်း ဖြစ်ကြောင်းသေချာစေသည့်လုပ်ငန်းစဉ်များရေးဆွဲခြင်း၊

(ဈ) ချေးငွေအမျိုးအစားများ၊ အာမခံပစ္စည်းရယူခြင်း (collateral arrangements) စသည်တို့နှင့် လိုအပ်ပါက ဥပဒေဆိုင်ရာအကြံပြုချက်သည် ဥပဒေကြောင်းအရ တရားစွဲဆိုဆောင်ရွက်နိုင်ခွင့် (Enforceability) ရှိသော လုံလောက်သည့်စာတမ်း အမှတ်အသားများ အသေအချာထားရှိခြင်း၊

(ည) ချေးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲမှုများ ထိရောက်မှု ရှိ၊ မရှိ ဘဏ်တွင်းစာရင်းစစ် လုပ်ငန်းဖြင့် ပုံမှန်စစ်ဆေးခြင်း။

၅။ ဘဏ်များသည် ထုတ်ချေးလိုသည့် ချေးငွေအမျိုးအစားများအပါအဝင် ချေးငွေဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်း (Identification)၊ တိုင်းတာစစ်ဆေးခြင်း (Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Controlling) နှင့် ရရန်ပိုင်ခွင့်များကို အမျိုးအစားခွဲခြားခြင်းနှင့် လျာထားခြင်းတို့အတွက်

ချမှတ်ထားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို စာတမ်းအမှတ်အသားများဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်၏ မူဝါဒများကို ဒါရိုက်တာအဖွဲ့က အတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကိုအကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဆက်နွှယ်နေသူများနှင့်သက်ဆိုင်သောချေးငွေ ဆိုင်ရာဆောင်ရွက်ချက်များ (Credit Transactions) သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသော ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက် အမှတ် (၁၁/၂၀၁၇) ပါသတ်မှတ်ချက်များအား လိုက်နာမှုရှိသည့် မူဝါဒများနှင့် ထိန်းချုပ် ကွပ်ကဲမှုများ ဖြစ်ရမည်။

နောက်ဆက်တွဲ (၂)

## ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေ (Market Risk)

ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေ (Market Risk) ဆိုသည်မှာ ဈေးကွက်ဈေးနှုန်းတွင် ဆိုးရွားထိခိုက်စေနိုင်သော အတက်/အကျများမှ ဘဏ်အပေါ် ဖြစ်ပေါ်စေနိုင်သည့် ဆုံးရှုံးနိုင်ခြေကို ဆိုသည်။ အထူးသဖြင့် ၎င်းတွင် အတိုးနှုန်းများ (Interest Rates)၊ နိုင်ငံခြားငွေလဲလှယ်နှုန်းများ (Foreign Exchange Rates)၊ ရှယ်ယာများ (Equity) (အခြားသောစာချုပ်စာတမ်းများ) နှင့် ကုန်ပစ္စည်း ဈေးနှုန်းပြောင်းလဲခြင်းများပါဝင်ပါသည်။

၁။ ဘဏ်များသည် ၎င်းတို့၏ လုပ်ငန်းများဖြစ်သည့် နိုင်ငံခြားငွေလဲလှယ်ရောင်းဝယ်မှုများ၊ အခြားသော နိုင်ငံခြားသုံးငွေလုပ်ငန်းများ (နိုင်ငံခြားငွေကြေးဖြင့်အပ်နှံငွေများနှင့် ချေးငွေများ/ အခြားရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ)၊ ဘဏ်ကကိုင်ဆောင်ထားသည့် (ရောင်းဝယ်မှုပြုသည့်) ဈေးကွက်တွင် ရောင်းဝယ်နိုင်သောစာချုပ်စာတမ်းများနှင့် ကုန်ပစ္စည်းများ၌ရှိသည့် အရေးပါသောဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအရင်းအမြစ်များ အားလုံးကို သတ်မှတ်ဖော်ထုတ်ရမည်။ ထို့အပြင် ၎င်းတို့၏ ဘဏ်လုပ်ငန်း၌ ဖြစ်ပေါ်လာနိုင်သည့် အတိုးနှုန်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Interest Rate Risk)၊ ငွေရေးကြေးရေးသဘောတူစာချုပ်များ ရောင်းဝယ်ခြင်းဆိုင်ရာလုပ်ငန်းများ (Derivatives Business) ၌ မိတ်ဖက်အဖွဲ့အစည်းများ၏ ပျက်ကွက်မှုများ၊ နိုင်ငံခြားငွေကြေးများ ရောင်းဝယ်ခြင်း၏ စာရင်းရှင်းလင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများမှ ဖြစ်ပေါ်လာနိုင်သည့် ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေများကိုလည်း သတ်မှတ်ဖော်ထုတ်ရမည်။

၂။ ဘဏ်များသည် အရေးပါသောဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေများအား သင့်လျော်သော တိုင်းတာစစ်ဆေးမှုနည်းလမ်းများနှင့် နည်းစနစ်များ ကျင့်သုံးဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါနည်းစနစ်များ အသုံးပြုရမည်-

(က) ဘဏ်များသည် အမေရိကန် ဒေါ်လာနှင့် နိုင်ငံတကာသုံးငွေကြေးများအားလုံး အတွက် ၎င်းတို့ထိန်းသိမ်းထားရှိရမည့် နိုင်ငံခြားငွေလက်ကျန်အခြေအနေ (Net Open Position) အပါအဝင် နိုင်ငံခြားသုံးငွေဆိုင်ရာဆုံးရှုံးနိုင်ခြေများ (Foreign Exchange Risk) နှင့်စပ်လျဉ်းသည့်ကိစ္စရပ်အဝဝကို တိုင်းတာစစ်ဆေးခြင်း၊

(ခ) ဈေးကွက်အခြေအနေအပြောင်းအလဲဖြစ်လာမည်ဟု ယူဆလျှင် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် အရှုံးအား ထည့်သွင်းတွက်ချက်ခြင်းအပြင် ဘဏ်များသည် ၎င်းတို့၏ အစုရှယ်ယာများ၊ ငွေတိုက်စာချုပ်များနှင့် ကုန်ပစ္စည်းများ၊ နိုင်ငံခြားငွေလိုငွေဖြစ်ပေါ်နေသည့် အခြေအနေများ (အကယ်၍ရှိခဲ့လျှင်) ဈေးကွက်တွင် ရောင်းဝယ်နိုင်သော စာချုပ်စာတမ်းများ၏ ဈေးနှုန်းပြောင်းလဲမှုအနေအထားများအပါအဝင် ကိစ္စရပ်အဝဝကို တိုင်းတာစစ်ဆေးခြင်း၊

(ဂ) မြန်မာကျပ်ငွေနှင့် မိမိ ဘဏ်၏ အဓိကသုံးစွဲသည့်နိုင်ငံခြားငွေအမျိုးအစားများအတွက် သီးခြားတိုင်းတာ ဆောင်ရွက်ခြင်းများအပြင် သက်တမ်းစေ့ရောက်မှု မကိုက်ညီမှုများဆိုင်ရာ ဆန်းစစ်မှု (Maturity Mismatch Analysis) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အတိုးနှုန်းသတ်မှတ်ချက်အား ထည့်သွင်းစဉ်းစား၍ ပြောင်းလဲလာနိုင်သည့် အတိုးနှုန်းယူဆချက်အား အသုံးပြုပြီး အတိုးနှုန်းပြောင်းလဲခြင်းအား တိုင်းတာစစ်ဆေးခြင်း။ ဘဏ်သည် အောက်ပါကိစ္စရပ်များမှ ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို တိုင်းတာစစ်ဆေးရမည် -

(၁) ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သောရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များအား ဈေးနှုန်းပြန်လည်သတ်မှတ်ရာတွင် သက်တမ်းစေ့ရောက်မှု မကိုက်ညီမှုများ (ဈေးနှုန်းပြန်လည်သတ်မှတ်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေ)၊

(၂) သက်တမ်းမတူသော ငွေတိုက်စာချုပ်များ၏ အတိုးပြန်ရချက်များ ဖော်ပြသည့် အတိုးနှုန်းဂရပ်၏ အနိမ့်အမြင့်အတက်အကျ ပုံသဏ္ဍာန်အပြောင်းအလဲများ၊ (အတိုးနှုန်းပြန်ရချက်ဆုံးရှုံးနိုင်ခြေ)၊

(၃) မတူညီသောအခြေအနေများတွင် ဈေးကွက်အတွင်း အတိုးနှုန်းပြောင်းလဲမှုများကြောင့်ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးနိုင်ခြေများအား အကာအကွယ်ရရန်အတိုးနှုန်းများပြန်လည်သတ်မှတ်၍ ဆောင်ရွက်ထားခြင်း။ (Hedging ပြုလုပ်ထားသည်များ၏ အချိန်ကာလမတူညီမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများ)၊

(၄) ရောင်းဝယ်နိုင်သောစာချုပ်စာတမ်းများအား သတ်မှတ်သည့် ဈေးနှုန်းဖြင့် သတ်မှတ်သည့်နေ့ရက်တွင် ဝယ်သူက ဝယ်ယူနိုင်သည့် သဘောတူစာချုပ်များ သို့မဟုတ် အော့ပ်ရှင် (options) (အကယ်၍ရှိခဲ့လျှင်)၊

(၅) အတိုးနှုန်းပြောင်းလဲမှုများကြောင့် ထိခိုက်လွယ်သော အခကြေးငွေ (Fees) များနှင့် အခြားသောဝင်ငွေများ (Other Income)။

(ဃ) သီးခြားဈေးကွက်အခြေအနေတစ်ခုသို့ တူညီသောပုံစံဖြင့် တုံ့ပြန်နိုင်သည့် အမျိုးအစားမတူညီသော ငွေရေးကြေးရေးစာချုပ်များအပါအဝင် ရင်းနှီးမြှုပ်နှံမှု အစုအဝေး (Portfolio) တစ်ခုတည်းအပေါ် စုစည်းဆောင်ရွက်ထားခြင်းမှဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ခြေအား တိုင်းတာခြင်းအပြင် စုစုပေါင်းဆုံးရှုံးနိုင်ခြေ (Gross Risk) သာမက အသားတင်ဆုံးရှုံးနိုင်ခြေများ (Net Position) အား တိုင်းတာခြင်း၊

(င) ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ရန်နှင့် တိုင်းတာရန်အတွက် Value-at-Risk ကဲ့သို့ သင့်လျော်သည့် ကိန်းဂဏန်းအရေအတွက်ဆိုင်ရာနည်းစနစ်များအား အသုံးပြုခြင်း။

(စ) အနာဂတ်တွင် ပေါ်ပေါက်လာနိုင်ခြေရှိသည့် ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအလားအလာကို ကြိုတင်အကဲဖြတ်ဆန်းစစ်ချက်ပြုလုပ်နိုင်ရန်အတွက် ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်းများအား အသုံးပြုခြင်း။ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်မည့် ဘဏ်များက ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးခြင်း လမ်းညွှန်ချက်၌ ကြည့်ရှုရန်)

၃။ ဘဏ်များသည် ၎င်းတို့၏ အရေးပါသော ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေကို စောင့်ကြပ်ကြည့်ရှုရာ၌ အောက်ပါတို့ပါဝင်ရမည် -

(က) တစ်ခုတည်းအပေါ် စုစည်းဆောင်ရွက်ထားခြင်းမှ ဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ခြေအပါအဝင် ဆုံးရှုံးနိုင်ခြေမှတ်တမ်းအကျဉ်း (Risk Profile) တွင် ဖြစ်ပေါ်တိုးတက်မှုများနှင့် ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) ၌ ပြောင်းလဲမှု လိုအပ်ချက်များကို အကဲဖြတ်ဆန်းစစ်နိုင်ရန်အတွက် ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့်ကိစ္စရပ် အဝဝကို ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊

(ခ) ဘဏ်၏ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကိုစောင့်ကြပ်ကြည့်ရှုခြင်းနှင့် စီမံခန့်ခွဲခြင်းကိုတာဝန်ယူဆောင်ရွက်မည့် ဒါရိုက်တာအဖွဲ့ သို့မဟုတ် အဆင့်မြင့်စီမံခန့်ခွဲသူများပါဝင်သော ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များစီမံခန့်ခွဲရေးကော်မတီ (Asset and Liability Management Committee) တစ်ရပ်ဖွဲ့စည်းရန် ထည့်သွင်းစဉ်းစားခြင်း၊

(ဂ) ငွေရေးကြေးရေးသဘောတူစာချုပ်များ (Derivatives) အပါအဝင် ဆုံးရှုံးနိုင်ခြေကို အကာအကွယ်ရရန် ဆောင်ရွက်ချက်များ (Hedging Transaction) မှတစ်ဆင့် ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းအတွက် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများချမှတ်ခြင်း၊

(ဃ) သတင်းအချက်အလက်များစီမံခန့်ခွဲမှုစနစ် (Management Information Systems) မှရရှိသောဘဏ်၏ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များသည် တိကျမှန်ကန်မှုရှိပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိခြင်း၊ ထို့ပြင် အဆိုပါစနစ်သည် လုပ်ငန်းအမျိုးမျိုး၏ စုစုပေါင်းဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအခြေအနေအား ရရှိနိုင်ခြင်း၊

(င) ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်း၍ အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ဒါရိုက်တာအဖွဲ့၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာကော်မတီအဖွဲ့ (Board Risk Committee) သက်ဆိုင်မှုရှိပါက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များစီမံခန့်ခွဲရေးကော်မတီ (Asset and Liability Management Committee) များ၊ ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံစာများအား ပုံမှန်အစီရင်ခံတင်ပြခြင်း။

၄။ ဘဏ်များသည် ၎င်းတို့ လုပ်ငန်း၌ အရေးပါသော ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေအားလုံးကို ထိန်းချုပ်ကွပ်ကဲရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည် –

(က) ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့် အရင်းအမြစ်အားလုံးအပါအဝင် ဒါရိုက်တာအဖွဲ့က ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေအတွက် အတည်ပြုထားသော ဘဏ်က လက်ခံလိုသော ဆုံးရှုံးနိုင်ခြေ (Risk Appetite) နှင့် မဟာဗျူဟာတို့ကို ချမှတ်ခြင်းနှင့် ယင်းချမှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) ငွေလဲလှယ်နှုန်းများနှင့် အတိုးနှုန်းများ၊ ဈေးကွက်တွင် ရောင်းဝယ်နိုင်သော စာချုပ်စာတမ်းများ (Marketable Securities) နှင့် ကုန်ပစ္စည်းများ၏ဈေးနှုန်းများ၊ (သက်ဆိုင်ပါက) စသည်တို့၏ အတက်/အကျ ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသော ဆုံးရှုံးနိုင်ခြေများအပေါ်ကန့်သတ်ချက်များအပါအဝင် ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေကန့်သတ်ချက်များချမှတ်ခြင်းနှင့် ယင်းကန့်သတ်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုခြင်း -

(၁) ဘဏ်အတွင်းဖြစ်ပေါ်သော ဆုံးရှုံးနိုင်ခြေစုစုပေါင်းနှင့် အဓိကကျသော လုပ်ငန်းများ (Significant Activites) ရှိ ဆုံးရှုံးနိုင်ခြေများအပေါ် ကန့်သတ်ချက်များချမှတ်ခြင်း၊

(၂) လိုအပ်ပါက တစ်နေ့တာအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအတွက် သီးခြားကန့်သတ်ချက်များကို သင့်လျော်သလိုသတ်မှတ်ခြင်း။

(ဂ) ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များအား တန်ဖိုးသင့် တွက်ချက်ရန် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများချမှတ်ရာတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) ဆုံးရှုံးနိုင်ခြေများကိုတိုင်းတာစစ်ဆေးခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း ဆောင်ရွက်ရာတွင် ငွေလဲလှယ်နှုန်းများ၊ အတိုးနှုန်းများနှင့် ငွေချေး သက်သေခံလက်မှတ်များ၏ ဈေးကွက်ပေါက်ဈေးနှုန်းများ ရွေးချယ် အသုံးပြုမှု၊ ထိုသို့ရွေးချယ်ရာတွင် သီးခြားလွတ်လပ်သော တာဝန်ရှိ ပုဂ္ဂိုလ်ကသတ်မှတ်ဆုံးဖြတ်ပေးသည့်လက်ရှိဈေးကွက်၌ ဖြစ်ပေါ်နေသော ဈေးနှုန်းများကိုသာ အသုံးပြုခြင်း၊

(၂) ပြန်လည်တန်ဖိုး သတ်မှတ်ခြင်းအကြိမ်အရေအတွက်။

(ဃ) ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေအတွက် ဘဏ်၏ မတူညီသော လုပ်ငန်းတာဝန်များနှင့် ဆုံးရှုံးနိုင်ခြေများအား အတည်ပြုရန်အတွက် လုပ်ပိုင်ခွင့်ရှိသူအဆင့် အလိုက် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်း လုပ်ငန်း၏ တာဝန်ဝတ္တရားနယ်ပယ်များအား သတ်မှတ်ခြင်း၊

(င) အရောင်းအဝယ်ဆောင်ရွက်ခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲခြင်းနှင့် အတည်ပြုခြင်း၊ စာရင်းရှင်းလင်းခြင်းကဲ့သို့သော လုပ်ငန်းများ၏ တာဝန်များအား သီးခြားသတ်မှတ်ခြင်း၊

(စ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer)၊ ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေဌာန သို့မဟုတ် ဘဏ်၏ဆုံးရှုံးနိုင်ခြေများ အတွက်တာဝန်ရှိသူတို့အား ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များကို အစီရင်ခံတင်ပြသည့်စနစ် ထားရှိခြင်း၊

(ဆ) ဘဏ်လုပ်ငန်း အမျိုးအစားဝန်ဆောင်မှုအသစ်များနှင့် လုပ်ဆောင်ချက်များ အတွက် ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ဆန်းစစ်ရန်နှင့် အဆိုပါ ဈေးကွက်ဆိုင်ရာ ဆုံးရှုံးနိုင်ခြေသည် ဘဏ်က လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေအတွင်းဖြစ်ကြောင်း သေချာစေသည့်လုပ်ငန်းစဉ်များရေးဆွဲခြင်း၊

(ဇ) ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲမှုများထိရောက်မှုရှိမရှိ ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဖြင့် ပုံမှန်စစ်ဆေးခြင်း။

၅။ ဘဏ်များသည် ဈေးကွက်ဆိုင်ရာဆုံးရှုံးနိုင်ခြေ လက်ခံလိုမှုအပြင် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်း (Identification)၊ တိုင်းတာစစ်ဆေးခြင်း (Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring)နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Controlling) တို့အတွက် ချမှတ်ထားသောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို စာတမ်းအမှတ်အသားများဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်၏ မူဝါဒများကို ဒါရိုက်တာအဖွဲ့က အတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ (၃)**

## ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Liquidity Risk)

ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Liquidity Risk) ဆိုသည်မှာ ဘဏ်က မျှော်လင့်ထားသော ငွေသားစီးဆင်းမှုလိုအပ်ချက်သာမက မျှော်လင့်မထားသော ငွေသားစီးဆင်းမှုလိုအပ်ချက်ကို ပြည့်မီအောင် မဆောင်ရွက်နိုင်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနိုင်ခြေကိုဆိုသည်။

၁။ ဘဏ်များသည် အရေးပါသော ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေများ ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေအရင်းအမြစ်များအားလုံးကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ရမည် -

(က) ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များ၏ သက်တမ်းစေ့ရောက်မှုမကိုက်ညီမှုများ၊

(ခ) အလွယ်တကူ ရောင်းဝယ်နိုင်သည့် အစိုးရငွေချေးသက်သေခံလက်မှတ်များ (Government Securities) ကဲ့သို့ အရည်အသွေးမြင့်မားသော ငွေဖြစ်လွယ်သည့် ရရန်ပိုင်ခွင့်များ (High Quality Liquid Assets) ရရှိနိုင်ရန်အကန့်အသတ်များ၊

(ဂ) ဘဏ်အချင်းချင်း ကာလတိုငွေကြေးဖြည့်တင်းမှု (သို့မဟုတ် အခြားသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဆောင်ရွက်မှုများ) သို့မဟုတ် ငွေပမာဏများပြားသည့် အပ်နှံသူအရေအတွက်အနည်းငယ်အပေါ် အလွန်အမင်းမှီခိုမှုများ၊

(ဃ) တစ်နေ့တာအတွင်းဖြစ်ပေါ်လာနိုင်သော ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေများ အပါအဝင် ငွေပေးချေမှုစနစ်တွင် ပါဝင်ဆောင်ရွက်မှုများ၊

(င) အာမခံများ၊ ကတိကဝတ်ပြုထားသည့် ထုတ်ယူခြင်းမရှိသေးသောချေးငွေများကဲ့သို့ ငွေထုတ်ပေးရန်ကျန်ရှိနေသည့် ပေးရန်တာဝန်များမှ ငွေကြေးလွယ်ကူမှုလိုအပ်ချက်များ။

၂။ ဘဏ်များသည် အရေးပါသော ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအား သင့်လျော်သော တိုင်းတာစစ်ဆေးမှုနည်းစနစ်များ ကျင့်သုံးဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ နည်းစနစ်များအသုံးပြုရမည် -

(က) ငွေဖြစ်လွယ်သည့်ရရန်ပိုင်ခွင့်များ၊ လိုအပ်ပါက ငွေကြေးလွယ်ကူမှုဈေးကွက် အကန့်အသတ်ဖြစ်မှုကို ထင်ဟပ်ပေါ်လွင်စေသော လျှော့နှုန်းနှင့်ပေးရန်တာဝန်များ အကြားဆက်နွယ်မှုများအား သင့်လျော်သောအချိုးများဖြင့် တိုင်းတာစစ်ဆေးခြင်း၊

(ခ) သက်တမ်းစေ့ရောက်မှု မကိုက်ညီမှု/ကွာဟချက်များကို လေ့လာဆန်းစစ် တွက်ချက်ရမည်။ ထိုသို့ တွက်ချက်ရာတွင် တောင်းခံလျှင် ချက်ချင်းပေးရမည့် အပ်နှံငွေများနှင့်ငွေစုဘဏ်အပ်နှံငွေများ၏ သက်တမ်းတိုးမှုနှင့် ချေးငွေထုတ်ယူ သုံးစွဲမှုခန့်မှန်းချက် အကြောင်းအရာများနှင့်သက်ဆိုင်သော သင့်လျော်သည့် ယူဆချက်များဖြင့် (အတွေ့အကြုံများထည့်သွင်းစဉ်းစားရန်) သဘောတူစာချုပ် နှင့်အမူအကျင့်နှစ်ခုစလုံးအပေါ် အခြေခံ၍ တွက်ချက်ခြင်း၊

(ဂ) ကာလတို အသားတင်ငွေကြေး ဖြည့်တင်းမှုလိုအပ်ချက်များအတွက် ငွေသား စီးဆင်းမှုခန့်မှန်းချက်များ၊

(ဃ) အရေးပါသော နိုင်ငံခြားသုံးငွေကြေးဖြင့် ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ တိုင်းတာစစ်ဆေးမှုများ၊

(င) အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံး နိုင်ခြေအား အကဲဖြတ်ဆန်းစစ်ရာ၌ အထူးသဖြင့် အခက်အခဲဖြစ်ပေါ်သည့် အခြေအနေ (Stress Conditions) တွင် အသားတင် ငွေသားစီးထွက်မှု၏ သက်ရောက်မှုအား ခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးခြင်း၊ ထိုသို့ ခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးရာတွင် ဘဏ်နှင့်ဈေးကွက်အခြေအနေဆိုင်ရာအခက်အခဲ ဖြစ်ပေါ်မှု (Bank and Market-wide Stresses) နှင့် ငွေရေးကြေးရေး ဈေးကွက်၌ ငွေကြေးလွယ်ကူမှုမရှိခြင်း အခြေအနေနှစ်ရပ်၏ သက်ရောက်မှုများ ပါဝင်ရမည်။ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်မည့် ဘဏ်များက ခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာ လမ်းညွှန်ချက်၌ကြည့်ရှုရန်)

(စ) တစ်ခုတည်းအပေါ် စုစည်းဆောင်ရွက်ထားခြင်းမှဖြစ်ပေါ်လာသောဆုံးရှုံးနိုင်ခြေအား တိုင်းတာစစ်ဆေးခြင်း (ဥပမာ ဘဏ်အချင်းချင်း ငွေကြေးဖြည့်တင်းမှုအပါအဝင် ပမာဏများပြားသော တစ်ဦးချင်း အပ်နှံငွေ သို့မဟုတ် ကုမ္ပဏီများ၊ အဖွဲ့ အစည်းများအပေါ်မှီခိုမှု)၊

(ဆ) ဘဏ်၏ ရရန်ပိုင်ခွင့်များ အလျင်အမြန်တိုးလာခြင်း၊ တစ်နေရာတည်းမှ ငွေကြေးရန်ပုံငွေစုစည်းရယူခြင်း၊ အပ်နှံငွေများမျှော်လင့်မထားဘဲ စီးထွက်ခြင်းများ၊ ငွေကြေးရန်ပုံငွေ၏ ကုန်ကျစရိတ်များ သိသာစွာတိုးလာခြင်း၊ နိုင်ငံခြားသုံးငွေကြေး လုပ်ငန်းများတိုးလာခြင်း၊ ရရန်ပိုင်ခွင့်များ၏အရည်အသွေး ယိုယွင်းပျက်စီးခြင်းနှင့် ဘဏ်နှင့်ပတ်သက်သည့် မကောင်းသတင်းများ ထွက်ပေါ်လာခြင်းကဲ့သို့သော ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအား ကြိုတင်သတိပေးချက်များ။

၃။ ဘဏ်များသည် အရေးပါသော ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်ကြည့်ရှုရာတွင် အောက်ပါတို့ပါဝင်ရမည် –

(က) တစ်ခုတည်းအပေါ် စုစည်းဆောင်ရွက်ထားခြင်းမှ ဖြစ်ပေါ်လာသောဆုံးရှုံးနိုင်ခြေများ နှင့်ဘဏ်က လက်ခံလိုသောဆုံးရှုံးနိုင်ခြေ (Risk Appetite) ပြောင်းလဲမှုများ အတွက် လိုအပ်ချက်များအပါအဝင် ဆုံးရှုံးနိုင်ခြေမှတ်တမ်းအကျဉ်း (Risk Profile) ၏ ဖြစ်ပေါ်ပြောင်းလဲမှုများအား အကဲဖြတ်ဆန်းစစ်ရန် ဘဏ်၏ ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေများအား ပုံမှန်ပြန်လည်သုံးသပ်ခြင်း၊

(ခ) ဘဏ်၏ငွေကြေးလွယ်ကူမှုအား စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စီမံခန့်ခွဲခြင်းကို တာဝန်ယူဆောင်ရွက်မည့် ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်များစီမံခန့်ခွဲရေး ကော်မတီ (Asset and Liability Management Committee) တစ်ရပ် ဖွဲ့စည်းရန် ထည့်သွင်းစဉ်းစားခြင်း၊

(ဂ) ဈေးကွက်အသုံးပြုရရှိနိုင်မှုအား ပုံမှန်စမ်းသပ်စစ်ဆေးခြင်း၊ (ဥပမာ–အခြားသော ဘဏ်များမှ ချေးငွေရယူနိုင်မည့်အစီအစဉ်အား စတင်အသုံးပြုခြင်း)

(ဃ) အခြားဘဏ်များ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ချေးငွေရယူရာတွင် အစိုးရငွေချေးသက်သေခံလက်မှတ်များကဲ့သို့ အာမခံပစ္စည်းအဖြစ် အသုံးပြု နိုင်သော ရရန်ပိုင်ခွင့်များ၏ ပမာဏကိုအကဲဖြတ်ခြင်း၊

(င) သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Management Information Systems) မှ ရရှိသော ဘဏ်၏ ငွေကြေးလွယ်ကူမှုဆိုင်ရာသတင်းအချက်အလက်များသည် တိကျမှန်ကန်မှုရှိပြီး နောက်ဆုံးအခြေအနေနှင့်ကိုက်ညီမှုရှိခြင်း၊ အဆိုပါစနစ်သည် လက်ကျန်ရှင်းတမ်း၌ မပါဝင်သော လုပ်ငန်းများအပါအဝင် လုပ်ငန်းအမျိုးမျိုး၏ စုစုပေါင်းငွေကြေးလွယ်ကူမှုအခြေအနေအား ရရှိနိုင်ခြင်း၊

(စ) ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်စီမံခန့်ခွဲရေးကော်မတီ (သက်ဆိုင်မှုရှိလျှင်) အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ဒါရိုက်တာအဖွဲ့၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာကော်မတီ နှင့် ဒါရိုက်တာအဖွဲ့သို့ ငွေကြေးလွယ်ကူမှုဆိုင်ရာ အစီရင်ခံစာများအား ပုံမှန် အစီရင်ခံတင်ပြခြင်း။

၄။ ဘဏ်များသည် ၎င်းတို့လုပ်ငန်း၌ အရေးပါသော ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအားလုံးကို ထိန်းချုပ်ကွပ်ကဲရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့် အရင်းအမြစ်အားလုံး အပါအဝင် ဒါရိုက်တာအဖွဲ့က ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအတွက် အတည်ပြုထားသော ဘဏ်ကလက်ခံလိုသော ဆုံးရှုံးနိုင်ခြေနှင့် မဟာဗျူဟာ တို့ကို ချမှတ်ခြင်းနှင့် ယင်းချမှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) အောက်တွင်ဖော်ပြထားသော ကန့်သတ်ချက်များအပါအဝင် ငွေကြေးလွယ်ကူမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေအပေါ် ကန့်သတ်ချက်များ ချမှတ်ခြင်းနှင့် လိုက်နာ ဆောင်ရွက်မှုအား စောင့်ကြပ်ကြည့်ရှုခြင်း-

(၁) သင့်လျော်သော အချိန်အပိုင်းအခြား/သက်တမ်းစေ့ရောက်မည့် ကာလများ အလိုက် ပိုင်းခြားထားသော ရရန်ပိုင်ခွင့်များနှင့် ပေးရန် တာဝန်များ၏ သက်တမ်းစေ့ရောက်မှုများအကြား ကွာဟချက်များ၊

(၂) ပေးရန်တာဝန်များအပြင် ရရန်ပိုင်ခွင့်များပါသော ငွေကြေးလွယ်ကူမှု ဆိုင်ရာ ဆုံးရှုံးနိုင်ခြေကို စုစည်းဆောင်ရွက်ခြင်း။

(ဂ) ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေအား လျော့နည်းအောင်ဆောင်ရွက်ရန် အတွက် အချိန်ပိုင်းအပ်နှံငွေများ တိုးမြှင့်ခြင်း သို့မဟုတ် ဘဏ်များအချင်းချင်း ကာလပိုမိုကြာမြင့်သော ငွေကြေးရန်ပုံငွေဖြည့်ဆည်းခြင်း၊ ငွေကြေးလွယ်ကူမှု ဆိုင်ရာအထောက်အပံ့များ ရရှိရန်အတွက် အခြားဘဏ်များနှင့် ကတိကဝတ်ပြု ညှိနှိုင်းခြင်းနှင့် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များ တိုးမြှင့်ကိုင်ဆောင်ခြင်း စသည့်နည်းလမ်းများနှင့် မူဝါဒများ ချမှတ်ခြင်း၊

(ဃ) ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအတွက် ဘဏ်၏ မတူညီသော လုပ်ငန်းတာဝန်များနှင့် ဆုံးရှုံးနိုင်ခြေများ အတည်ပြုရန်အတွက် လုပ်ပိုင်ခွင့်ရှိသူ အဆင့်အလိုက် အခန်းကဏ္ဍများနှင့် တာဝန်ဝတ္တရားများချမှတ်ခြင်း၊ ထိုသို့ ချမှတ်ရာတွင် ဘဏ္ဍာငွေစီမံခန့်ခွဲခြင်းလုပ်ငန်း၏တာဝန်ဝတ္တရားနယ်ပယ်များအား သတ်မှတ်ခြင်း၊

(င) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာအရာရှိချုပ်၊ ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေဌာနသို့မဟုတ် ဘဏ်၏ ဆုံးရှုံးနိုင်ခြေများအတွက် တာဝန်ရှိသူတို့အား ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များကို အစီရင်ခံတင်ပြသည့်စနစ်ထားရှိခြင်း၊

(စ) ဘဏ်လုပ်ငန်းအမျိုးအစားဝန်ဆောင်မှုအသစ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များအတွက် ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ရန်နှင့် အဆိုပါ ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေသည် ဘဏ်ကလက်ခံလိုသောဆုံးရှုံးနိုင်ခြေအတွင်းဖြစ်ကြောင်း သေချာစေသည့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊

(ဆ) ငွေကြေးလွယ်ကူမှုအခက်အခဲ ဖြစ်ပေါ်သည့်အခါ၌ ငွေကြေးလိုအပ်ချက်များအတွက် ပြည့်စုံ၍ လက်တွေ့ကျသော ငွေကြေးရန်ပုံငွေအစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် အောက်ပါတို့ပါဝင်ခြင်း-

(၁) သက်တမ်းပိုမိုကြာမြင့်သည့်အပ်ငွေများနှင့် အခြားဘဏ်များမှ ချေးငွေရယူမည့်အစီအစဉ်များ၊ ရှာဖွေစုစည်းခြင်းများ၊ ဖြေရှင်းရန် ငွေကြေးရန်ပုံငွေဖြည့်ဆည်းမည့် မှတ်တမ်းအကျဉ်းရှိဆောင်ရွက်ချက်များ၊

(၂) ချေးငွေထုတ်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ခြင်းများ ဆိုင်းငံ့ခြင်း၊ စာရင်းပိုထုတ်ချေးငွေများ ပြန်လည်တောင်းခံခြင်းစသည့် ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့်ဆက်စပ်သော အသားတင်ငွေသားစီးဆင်းမှု တိုးတက်စေရန်ဆောင်ရွက်ချက်များ၊

(၃) ဘဏ်များအချင်းချင်း သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေများရယူရာတွင် အာမခံအဖြစ်အသုံးပြုနိုင်သည့် ငွေဖြစ်လွယ်သော ရရန်ပိုင်ခွင့်များကို ထိန်းသိမ်းဆောင်ရွက်ချက်များ၊

(၄) နိုင်ငံခြားသုံးငွေဖြည့်ဆည်းခြင်းနှင့်စပ်လျဉ်းသည့်သီးခြားဆောင်ရွက်ချက်များ။

(ဈ) ငွေကြေးလွယ်ကူမှုဆိုင်ရာဆုံးရှုံးနိုင်ခြေ ထိန်းချုပ်ကွပ်ကဲမှုများ၏ထိရောက်မှုများကို ဘဏ်တွင်းစာရင်းစစ်များက ပုံမှန်စစ်ဆေးခြင်း၊ ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲမှုများ ထိရောက်မှုရှိ၊မရှိဘဏ်တွင်း စာရင်းစစ်လုပ်ငန်းဖြင့်ပုံမှန်စစ်ဆေးခြင်း။

၅။ ဘဏ်များသည်ငွေကြေးလွယ်ကူမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေလက်ခံလိုမှု (Risk Appetite) အပြင် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်း (Identification)၊ တိုင်းတာစစ်ဆေးခြင်း (Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Controlling) တို့အတွက် ချမှတ်ထားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို စာတမ်းအမှတ်အသားများဖြင့်မှတ်တမ်းတင်ထားရမည်။ ဘဏ်၏မူဝါဒများကို ဒါရိုက်တာအဖွဲ့က အတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ (၄ )**

## လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Operational Risk)

လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေ (Operational Risk) ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်မှုများ ရှုပ်ထွေးခြင်း (Complex Operation)၊ ဌာနတွင်းကြီးကြပ်ကွပ်ကဲမှုများ (Internal Control)၊ လုပ်ငန်းစဉ်များနှင့်သတင်းအချက်အလက်ဆိုင်ရာစနစ်များ (Process and Information System) လုံလောက်မှုမရှိခြင်း၊ အဖွဲ့အစည်းဆိုင်ရာ ပြောင်းလဲခြင်း (Organizational Changes)၊ လိမ်လည်မှု (Fraud) သို့မဟုတ် လူတို့၏ အမှားများ (Human Errors) သို့မဟုတ် အကြမ်းဖက်တိုက်ခိုက်မှုများ (Terrorist Attacks) နှင့်သဘာဝဘေး အန္တရာယ်များ (Natural Disaster) အပါအဝင် ကြိုတင်မမြင်နိုင်သော ရုတ်တရက်ဖြစ်ပွားနိုင်သည့်ကပ်ဘေးများ (Unforeseen Catastrophes) တို့ကြောင့် အရှုံးဖြစ်ပေါ်စေနိုင်သည့် ဆုံးရှုံးနိုင်ခြေကို ဆိုသည်။

၁။ ဘဏ်များသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေပေါ်ပေါက်လာနိုင်သည့် အရေးပါသော ဆုံးရှုံးနိုင်ခြေအရင်းအမြစ်များအားလုံးကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ရမည် –

(က) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများမဟုတ်သည့် ပြင်ပလူပုဂ္ဂိုလ်များနှင့် ဘဏ်၏ဝန်ထမ်းများ သို့မဟုတ် ကန်ထရိုက်တာများ၏ လိမ်လည်မှု (Fraud) နှင့်ခိုးယူမှု (Theft) အပါအဝင် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေကြေးများကို အလွဲသုံးစားမှုများ ဖြစ်ပေါ်လာစေနိုင်သော ပြစ်မှုဆိုင်ရာ ကျူးလွန်မှု၊

(ခ) သတင်းအချက်အလက်နည်းပညာ သို့မဟုတ် ဆက်သွယ်ရေးစနစ်များအား အဟန့်အတား ဖြစ်ပေါ်စေမှု/ပြတ်တောက်စေမှု၊

(ဂ) ရေကြီးခြင်း၊မုန်တိုင်းတိုက်ခတ်ခြင်းစသည့် ရာသီဥတုအခြေအနေများ၊ အခြားသော သဘာဝဘေးအန္တရာယ်များ၊ ရုပ်ဝတ္ထု ပစ္စည်းများ၏လုံခြုံရေး သို့မဟုတ် ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများအား ကာကွယ်ရန် ပျက်ကွက်ခြင်းများကြောင့် အနှောက်အယှက်ဖြစ်ပေါ်စေမှု၊

(ဃ) ဆိုက်ဘာတိုက်ခိုက်မှုများကဲ့သို့ သတင်းအချက်အလက် နည်းပညာနှင့် ကိန်းဂဏန်းအချက်အလက် လုံခြုံရေး ချိုးဖောက်မှု၊

(င) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများသို့မဟုတ် အခြားသောပုဂ္ဂိုလ်များ၏ စောင့်ထိန်းရမည့် ကိန်းဂဏန်းအချက်အလက်များ ဆုံးရှုံးခြင်း သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ကာကွယ်ထိန်းသိမ်းရန် ပျက်ကွက်မှု၊

(စ) လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ပျက်ကွက်မှု၊ ဥပမာအားဖြင့် ငွေပေးချေမှုများနှင့်စာရင်းရှင်းလင်းမှုများ၊ ချေးငွေများထုတ်ပေးခြင်း၊ အပ်နှံငွေများ ပြန်လည်ထုတ်ပေးခြင်း၊ စာရင်းပြုစုခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာထိန်းချုပ်ကွပ်ကဲမှု လုပ်ငန်းစဉ်များ၊

(ဆ) လူတို့၏အမှားများ-ဥပမာအားဖြင့် ဝန်ထမ်းနှုတ်ထွက်မှုနှုန်းမြင့်မားခြင်းအပါအဝင် ဝန်ထမ်းခန့်အပ်ခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း သို့မဟုတ် လူစွမ်းအားအရင်းအမြစ် စီမံခန့်ခွဲခြင်း မလုံလောက်မှု၊

(ဇ) ပြင်ပမှဝန်ဆောင်မှုပေးသူများ၊ အဆက်အသွယ်ဘဏ်များစသည်တို့၏ ပျက်ကွက်မှု။

၂။ ဘဏ်များသည် အရေးပါသော လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများအား သင့်လျော်သော တိုင်းတာစစ်ဆေးမှုနည်းစနစ်များ ကျင့်သုံးဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ နည်းစနစ်များ အသုံးပြုရမည်-

(က) ဘဏ်တွင်း ဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များနှင့် ပြင်ပမှ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ ဖြစ်ရပ်များအပြင် အလားတူဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်သည့် ဘဏ်၏အားနည်းချက်များကို အကဲဖြတ်ဆန်းစစ်ရန်အတွက် ကိန်းဂဏန်းအချက်အလက်ဆုံးရှုံးမှုဖြစ်ရပ်များအား အသုံးပြုမှု၊

(ခ) ဝန်ထမ်းအဆင့်အလိုက်နှုတ်ထွက်မှုနှုန်း၊ ရောင်းဝယ်မှုဆောင်ရွက်ချက် ပမာဏနှင့်မအောင်မြင်သည့်အရေအတွက် (စာရင်းရှင်းလင်းမှုမရှိသည့် လုပ်ငန်းဆောင်ရွက်ချက်များ)၊ သတင်းအချက်အလက် နည်းပညာစနစ်ပြတ်တောက်ချိန်များအပါအဝင် ဆုံးရှုံးနိုင်ခြေနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ညွှန်ကိန်းများ (အဓိကကျသောဆုံးရှုံးနိုင်ခြေပြညွှန်ကိန်းများ)၊

(ဂ) ပေးချေမှုကဲ့သို့သော လုပ်ငန်းစဉ်များ သို့မဟုတ် အရှုံးဖြစ်ပေါ်နိုင်မှု အလား အလာကို အကဲဖြတ်ဆန်းစစ်သည့် ထိန်းချုပ်ကွပ်ကဲမှုလုပ်ငန်းစဉ်တို့အား စမ်းသပ်စစ်ဆေးခြင်း၊

(ဃ) ဆုံးရှုံးနိုင်ခြေဆိုင်ရာထိန်းချုပ်ကွပ်ကဲမှုအား ဘဏ်များကိုယ်တိုင် အကဲဖြတ် ဆန်းစစ်ချက် (ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာနများက ထိန်းချုပ်ကွပ်ကဲရန် ပျက်ကွက်သော အားနည်းချက်များနှင့်ပတ်သက်၍ ပြုစုထားသော မေးခွန်းလွှာ အပေါ် ဖြေကြားချက်များ)၊

(င) ခံနိုင်ရည်ရှိမှုစမ်းသပ်စစ်ဆေးချက်များနှင့် သဏ္ဍာန်တူစမ်းသပ်စစ်ဆေးချက်များ။ ဥပမာအားဖြင့် သတင်းအချက်အလက်နည်းပညာ ချွတ်ယွင်းမှုများ သဘာဝ ဘေးအန္တရာယ်များစသည့် အကျိုးသက်ရောက်မှု အပေါ်အကဲဖြတ်ဆန်းစစ်ခြင်း၊ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်မည့် ဘဏ်များက ခံနိုင်ရည်ရှိမှု စမ်းသပ်စစ်ဆေးခြင်းဆိုင်ရာလမ်းညွှန်ချက်၌ ကြည့်ရှုရန်)

၃။ ဘဏ်များသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်ကြည့်ရှုရာ၌ အောက်ပါတို့ပါဝင်ရမည်-

(က) ဆုံးရှုံးမှုဆိုင်ရာ ပြင်ပကိန်းဂဏန်းအချက်အလက် အားနည်းချက် ဖြစ်ရပ်များ အပါအဝင် ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးမှုအလားအလာများကို အကဲဖြတ် ဆန်းစစ်ခြင်း၊ ဆုံးရှုံးမှုဖြစ်ရပ်၏ ကိန်းဂဏန်းများစုစည်းခြင်းနှင့် အဆင့်မြင့် စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့သို့အစီရင်ခံ တင်ပြခြင်း၊

(ခ) သတင်းအချက်အလက်များစီမံခန့်ခွဲမှုစနစ် (Management Information Systems) မှ ရရှိသော ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များရှိလုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်းသည့် သတင်းအချက် အလက်များသည် တိကျမှန်ကန်မှုရှိပြီး နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှု ရှိခြင်း၊

၄။ ဘဏ်များသည် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲရာတွင် အောက်ပါတို့ကိုဆောင်ရွက်ရမည်-

(က) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် ဆုံးရှုံးမှုများအတွက် ဒါရိုက်တာအဖွဲ့က အတည်ပြုထားသော ဘဏ်က လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေ (Risk Tolerance) သတ်မှတ်ဖော်ပြချက်ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား လျော့နည်းအောင်ဆောင်ရွက်ရန်အတွက် မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများ ချမှတ်ရာတွင် အောက်ပါတို့ ပါဝင်ခြင်း-

(၁) လုပ်ငန်းဆောင်ရွက်မှုအရှုံးဖြစ်ပေါ်စေသော အားနည်းချက်ရှိသည်ဟု သတ်မှတ်ထားသည့်နယ်ပယ်များတွင် ထိန်းချုပ်ကွပ်ကဲမှုများ ပို၍ ခိုင်မာအားကောင်းစေခြင်း၊

(၂) ရုပ်ဝတ္ထုပစ္စည်းနှင့် သတင်းအချက်အလက်နှင့်နည်းပညာ လုံခြုံရေး တိုးမြှင့်ခြင်း၊

(၃) ဆုံးရှုံးမှုများဖြစ်ပေါ်ပါကအရှုံးများလျော့နည်းစေရန်အာမခံထားရှိခြင်း၊

(၄) ပြင်ပမှဝန်ဆောင်မှုရယူခြင်းများကို ရှုပ်ဆိုင်းခြင်း၊

(၅) ဝန်ထမ်းများအား စိစစ်ရွေးချယ်ခြင်းကဲ့သို့သော ဝန်ထမ်းခန့်အပ်ခြင်း ဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ တိုးမြှင့်ခြင်း၊

(၆) လေ့ကျင့်သင်ကြားပေးမှုအပါအဝင် ကျွမ်းကျင်ဝန်ထမ်း ဦးရေတိုးမြှင့် ခန့်ထားခြင်း၊

(ဂ) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုဆိုင်ရာ အရာရှိချုပ်၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေဌာန သို့မဟုတ် ဘဏ်၏ ဆုံးရှုံးနိုင်ခြေများအတွက် တာဝန်ရှိသူတို့အား ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်များကို အစီရင်ခံတင်ပြသည့် စနစ်ထား ရှိခြင်း၊

(ဃ) ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ်များနှင့်လုပ်ငန်းဆောင်ရွက်ချက်များအတွက် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ်ဆန်းစစ်ရန်နှင့် အဆိုပါ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ လက်ခံနိုင်သော ဆုံးရှုံးနိုင်ခြေ (Risk Tolerance) အတွင်း ဖြစ်ကြောင်း သေချာစေသည့် လုပ်ငန်းစဉ်များရေးဆွဲခြင်း၊

(င) လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲမှုများ ထိရောက်မှုရှိ၊မရှိ ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဖြင့်ပုံမှန်စစ်ဆေးခြင်း။

၅။ ဘဏ်များသည်လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေများနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့က အတည်ပြုထားသော ဘဏ်လုပ်ငန်းများစဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် (Business Continuity Plan) ကို အဓိကကျသော ထိန်းချုပ်ကွပ်ကဲမှုအဖြစ် ချမှတ်ထားရှိရမည်။ ထိုအစီအစဉ်တွင် အောက်ပါတို့ပါဝင်ရမည်-

(က) မည်သည့်အကြောင်းကိစ္စကြောင့်ပင်ဖြစ်စေ အဓိကကျသော စီးပွားရေး ဆောင်ရွက်မှုများတွင် အဟန့်အတားဖြစ်ပေါ်ပါက လုပ်ငန်းမူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန် အရေးယူဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ကိန်းဂဏန်းအချက်အလက်များ ကူးပြောင်းအသုံးပြုသည့် လုပ်ငန်းစဉ် (Switching Data Processing) နှင့်အခြားသော ပင်မသတင်းအချက်အလက်နှင့်နည်းပညာစနစ်များနှင့် သိုမှီသိမ်းဆည်းထားသော ကိန်းဂဏန်းအချက်အလက်များ (Data Base) အား ပြန်လည်ရယူနိုင်ရန် သီးခြားနေရာ၌ ထားရှိခြင်း (Back-up) သို့မဟုတ် ပြင်ပမှဝန်ဆောင်မှုပေးသူတို့ ပါဝင်သည့် အစီအစဉ်များ ချမှတ်ထားခြင်း၊

(ဂ) လိုအပ်သည့်အခါ အစီအစဉ်များကို စတင်ဆောင်ရွက်ရန် တာဝန်ဝတ္တရားများ ရေးဆွဲချမှတ်ခြင်း၊

(ဃ) စစ်ဆေးခြင်းရလဒ်အား သင့်လျော်သော စောင့်ကြပ်ကြည့်ရှုခြင်းနှင့် လေ့လာသိရှိခဲ့သော သင်ခန်းစာများအပေါ် တုန့်ပြန်ဆောင်ရွက်ရန်အတွက် အဓိကကျသော ဝန်ဆောင်မှုပေးသူများအား စစ်ဆေးခြင်းအပါအဝင် ပုံမှန်စမ်းသပ်စစ်ဆေးခြင်း။

၆။ ဘဏ်သည် ဆိုက်ဘာတိုက်ခိုက်မှုခံနိုင်ရည် (Cyber – Resilience) နှင့်ပြင်ပမှ သတင်းအချက်အလက်နှင့်နည်းပညာ ဝန်ဆောင်မှုများရယူခြင်းကြောင့် ဆုံးရှုံးနိုင်ခြေများ အပါအဝင် ဆုံးရှုံးနိုင်ခြေများစီမံခန့်ခွဲရန်အတွက် ပြည့်စုံသော မဟာဗျူဟာတစ်ရပ်ချမှတ်ဆောင်ရွက်ရာတွင် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဝင်ရောက်ကြည့်ရှုခြင်းနှင့် လျှို့ဝှက်နံပါတ် (access and password) စသည့် ထိန်းချုပ်ကွက်ကဲခြင်း အပါအဝင် သတင်းအချက်အလက်နည်းပညာနှင့် ကိန်းဂဏန်းအချက်အလက် လုံခြုံရေးအတွက် ဒါရိုက်တာအဖွဲ့က အတည်ပြု ထားသော ထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာမူဘောင် တစ်ရပ်ရေးဆွဲ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာခြိမ်းခြောက်မှုများအား ကြိုတင်မျှော်မှန်း၍ လိုက်လျောညီထွေစွာ ဆောင်ရွက်နိုင်ရန်၊ ဆိုက်ဘာတိုက်ခိုက်မှုများအား ထိန်းချုပ်ပြီး လျင်မြန်စွာ ပုံမှန်ဆောင်ရွက်နိုင်ရန်အတွက် ဆိုက်ဘာလုံခြုံရေးနှင့်စပ်လျဉ်းသည့် ပြည့်စုံသော နည်းလမ်းများချမှတ်ကျင့်သုံးခြင်း၊

(ဂ) အရေးပါသောဆိုက်ဘာတိုက်ခိုက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ဖြစ်ရပ် အလိုက် တုန့်ပြန်ဆောင်ရွက်မှုအစီအစဉ်ထိန်းသိမ်းထားခြင်း၊

(ဃ) သတင်းအချက်အလက်နှင့် နည်းပညာလုံခြုံရေးနှင့် ခံနိုင်ရည်ရှိမှုတို့အား တာဝန်ယူဆောင်ရွက်နိုင်မည့် သတင်းအချက်အလက် လုံခြုံရေးတာဝန်ခံ အရာရှိချုပ်ခန့်ထားခြင်း။

၇။ ဘဏ်များသည် လုပ်ငန်းဆောင်ရွက်မှုဖြစ်ရပ်များကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးမှု များအား လက်ခံဆောင်ရွက်နိုင်မှုအပြင် ဆုံးရှုံးနိုင်ခြေတိုင်းတာစစ်ဆေးသည့် နည်းစနစ်များ (Risk Measurement Methodologies)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲသည့် နည်းလမ်းများ (Risk Management Tools )၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများနှင့်စပ်လျဉ်းသည့် ဘဏ်တွင်းအစီရင်ခံတင်ပြမှု၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာဆုံးရှုံးနိုင်ခြေရှုထောင့်အရ ဘဏ် လုပ်ငန်းဝန်ဆောင်မှုအသစ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်အသစ်များအား အကဲဖြတ် ဆန်းစစ်မှုများနှင့် ဘဏ်လုပ်ငန်းများစဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ် (Business Continuity Plan) အပါအဝင် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေအတွက် မူဝါဒများကို စာတမ်းအမှတ်အသားဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်၏ မူဝါဒများကို ဒါရိုက်တာအဖွဲ့က အတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကို အကောင် အထည်ဖော်ဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ (၅)**

## ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာဆုံးရှုံးနိုင်ခြေ

## (Legal, Regulatory and Reputational Risk)

ဥပဒေ၊ စည်းမျဉ်းနှင့်အမည်ဂုဏ်သတင်းဆိုင်ရာဆုံးရှုံးနိုင်ခြေ (Legal, Regulatory and Reputational Risk) ဆိုသည်မှာ ဥပဒေဆိုင်ရာ စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းနှင့် အခြားသောစည်းမျဉ်း ပြောင်းလဲမှုများနှင့် ဘဏ်၏ လိုက်နာဆောင်ရွက်မှုများ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၊ အစုရှယ်ယာရှင်များစသည်တို့၏ ဆောင်ရွက်ချက်များကြောင့် ဘဏ်၏ အမည်ဂုဏ်သတင်း၊ လုပ်ငန်းဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးအခြေအနေများပေါ်တွင် ဆိုးကျိုးများသက်ရောက်စေပြီး ဘဏ်အား ထိခိုက်ပျက်စီးစေနိုင်သည့်ဆုံးရှုံးနိုင်ခြေကို ဆိုသည်။

၁။ ဘဏ်များသည် ဘဏ်လုပ်ငန်းအတွင်း၌ အရေးပါသော ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာဆုံးရှုံးနိုင်ခြေများ ပေါ်ပေါက်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေအရင်းအမြစ်များအားလုံးကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ရမည်-

(က) ချေးငွေများနှင့် အခြားချုပ်ဆိုထားသော စာချုပ်စာတမ်းများ၏ ဥပဒေပိုင်းဆိုင်ရာ စာရွက်စာတမ်းအထောက်အထား သို့မဟုတ် ဥပဒေရေးရာလုပ်ငန်းစဉ် စသည်တို့ ပြည့်စုံလုံလောက်မှုမရှိခြင်း၊

(ခ) ဘဏ်၏ရရန်ပိုင်ခွင့်များနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်အပေါ် ဥပဒေအရ ဆောင်ရွက်နိုင်ခွင့်မရှိခြင်း၊

(ဂ) အပေါင်ပစ္စည်းသိမ်းယူရန်ပျက်ကွက်ခြင်းကြောင့် ဘဏ်က အပေါင်ပစ္စည်းများအပေါ် အကျိုးခံစားခွင့် အပြည့်အဝမရရှိခြင်း၊

(ဃ) အငြင်းပွားမှုများ/ တရားစွဲဆိုသည့်အမှုများအတွက် ဘဏ်တွင်း ဥပဒေရေးရာကျွမ်းကျင်သူများ၊ ပြင်ပမှ ဥပဒေအကြံညာဏ်များ သို့မဟုတ် ဘဏ်ကိုယ်စားပြု ဥပဒေရေးရာလိုက်ပါ ဆောင်ရွက်ပေးမည့်ပုဂ္ဂိုလ်များ ရရှိရန်အကန့်သတ်ရှိခြင်း၊

(င) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လိုအပ်ချက်များအပါအဝင် ဥပဒေရေးရာ သို့မဟုတ် စည်းမျဉ်းဆိုင်ရာပြောင်းလဲမှုများ

သို့မဟုတ် ချမှတ်ထားသောစည်းမျဉ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် အကျိုးသက်ရောက်ခြင်း၊

(စ) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်မှုများအပေါ် ထိခိုက်သွားစေမည့် ဥပဒေ၊ စည်းမျဉ်း သို့မဟုတ် တရားရုံးလုပ်ထုံးလုပ်နည်းများအပါအဝင် ဥပဒေရေးရာစနစ်များ ပြောင်းလဲခြင်း၊

(ဆ) ဘဏ်သည် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများကို မျှတစွာဆက်ဆံရန် ပျက်ကွက်ခြင်း၊ ပွင့်လင်းမြင်သာပြီးရှင်းလင်းမှုမရှိသည့် ဖွဲ့စည်းတည်ဆောက်မှုပုံစံ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆီလျော်မှုမရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်းကြောင့် အရှုံး သို့မဟုတ် အမည်ဂုဏ်သတင်း ထိခိုက်စေသည့် ဆောင်ရွက်ချက်များကို လုပ်ဆောင်ခြင်း၊

(ဇ) ဘဏ်၏အမည်ဂုဏ်သတင်းထိခိုက်စေသည့်နာမည်ကောင်းမရှိသော ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၊ ဒါရိုက်တာများနှင့် ဝန်ထမ်းများ၊ အစုရှယ်ယာရှင်များနှင့် အခြားအဓိကပါဝင်သူများနှင့် ဆက်နွယ်ဆောင်ရွက်ခြင်း၊

၂။ ဘဏ်များသည် ၎င်းတို့၏ အရေးပါသော ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို သင့်လျော်သောနည်းလမ်းများအသုံးပြု၍ တိုင်းတာစစ်ဆေးရမည်။ ထိုသို့တိုင်းတာစစ်ဆေးဆောင်ရွက်ရာတွင် ယင်းဆုံးရှုံးနိုင်ခြေသည် ကိန်းဂဏန်းဖြင့် တိုင်းတာရန်ခက်ခဲပါသည်။ သို့ရာတွင် ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်စေနိုင်သော လုပ်ငန်းဆောင်ရွက်ချက် တန်ဖိုးများ၊ အခြားဘဏ်များကြောင့် ဖြစ်ပေါ်သော အရှုံးများအပါအဝင် ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကြောင့် ဖြစ်ပေါ်သည့်အရှုံးများနှင့် အခြားသော အတိုင်းအတာများကို ကိုးကားပြီး၊ လုပ်ငန်းအရွယ်အစားပမာဏနှင့် အလားလာရှိသည့် သိသာထင်ရှားမှုတို့ကို အကဲဖြတ် သုံးသပ်ရမည်။ ဘဏ်များသည် လုပ်ငန်းဆောင်ရွက်မှုပုံစံ (Business Model)၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ သဘောသဘာဝစသည့်အချက်များကို စဉ်းစား၍ ဆုံးရှုံးနိုင်ခြေများ၏ သဘောသဘာဝ (Nature) နှင့် အရွယ်အစားပမာဏ ( Scale) တို့ကို အရည်အသွေးဆိုင်ရာအချက်များဖြင့် ဖော်ပြရမည်။

၃။ ဘဏ်များသည် ၎င်းတို့၏ အရေးပါသော ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်ကြည့်ရှုရာ၌ အောက်ပါအချက်များ ပါဝင်ရမည်–

(က) ဖြစ်ပေါ်ခဲ့သောအရှုံးများ သို့မဟုတ် အမည်ဂုဏ်သတင်း ထိခိုက်ပျက်စီးခြင်းနှင့်သက်ဆိုင်သော ကိစ္စရပ်များ စုဆောင်းခြင်းနှင့် ဘဏ်၏လုပ်ငန်းဆောင်ရွက်မှုပုံစံနှင့်ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတို့၏ ပြောင်းလဲမှုများ၊ အဓိကကျသောဆောက်ရွက်ချက်များနှင့် ဘဏ်နှင့် အဓိက ဆက်သွယ်ဆောင်ရွက်သူများကို သက်ရောက်မှုရှိစေသော အချက်များ စသည်တို့ကို စောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ် (Management Information System) မှရရှိသော သတင်းအချက် အလက်များသည် ဘဏ်တစ်ခုလုံး၏ ဆုံးရှုံးနိုင်ခြေဆိုင်ရာများအပေါ် တိကျမှန်ကန်မှုရှိခြင်း၊ သတင်းအချက်အလက်များအား နောက်ဆုံးအခြေအနေနှင့် ကိုက်ညီမှုရှိစေရန် ပုံမှန်ဆောင်ရွက်ခြင်းနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်ချက် အားလုံးကို ကာမိမှုရှိစေခြင်း၊

(ဂ) ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို အဆင့်မြင့်စီမံခန့်ခွဲသူများ၊ ဒါရိုက်တာအဖွဲ့၏ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ သို့မဟုတ် စာရင်းစစ်ကော်မတီနှင့် ဒါရိုက်တာအဖွဲ့သို့ ပုံမှန်အစီရင်ခံတင်ပြခြင်း။

၄။ ဘဏ်များသည် ယင်းတို့၏အရေးပါသော ဥပဒေ၊စည်းမျဉ်းနှင့်အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအားလုံးကို ထိန်းချုပ်ကွပ်ကဲရာ၌ အောက်ပါတို့ပါဝင်ရမည်-

(က) ဥပဒေ၊ စည်မျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေအမျိုးအစားများနှင့် အရင်းအမြစ်များအားလုံးပါဝင်သော ဒါရိုက်တာအဖွဲ့က အတည်ပြုထားသည့် ဘဏ်က လက်ခံနိုင်သောဆုံးရှုံးနိုင်ခြေများ (Tolerance) နှင့်အညီ လိုက်နာဆောင်ရွက်ရန်ချမှတ်ခြင်းနှင့် စောင့်ကြပ်ကြည့်ရှုခြင်း၊

(ခ) ချေးငွေများနှင့် အခြားသောချေးငွေအမျိုးအစားများ၊ နိုင်ငံခြားသုံးငွေလုပ်ငန်းများနှင့် အာမခံပစ္စည်းရယူခြင်းများပါဝင်သော အဓိကကျသည့် သဘောတူစာချုပ်စာတမ်းအမှတ်အသားများအား ဥပဒေရေးရာအရ လုံလောက်မှု ရှိ၊ မရှိ ပြန်လည်သုံးသပ်မှုများဆောင်ရွက်ခြင်း၊

(ဂ) တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းတာဝန်များချမှတ်ရာ၌ အောက်ပါတို့ပါဝင်ခြင်း-

(၁) သက်ဆိုင်ရာဥပဒေများနှင့်စည်းမျဉ်းများ၏သက်ရောက်မှုများနှင့်စပ်လျဉ်း၍ ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာနများ၊ အခြားသော ထိန်းချုပ်ကွပ်ကဲမှု လုပ်ငန်းတာဝန်များနှင့်ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီသို့ အကြံပြုရန်၊

(၂) အဓိကကျသော ဥပဒေအသစ်များ၊ စည်းမျဉ်းအသစ်များနှင့် အခြားစည်းမျဉ်း အသစ်များပြောင်းလဲမှုအပေါ် ဘဏ်က လိုက်နာဆောင်ရွက်ရမည့် အချက်များကို သတ်မှတ်ဖော်ထုတ်ရန်အတွက် ပြန်လည်သုံးသပ်ရန်၊

(၃) ဘဏ်လုပ်ငန်းဆောင်ရွက်ချက်အသစ်များသည် ကျင့်သုံးလျက်ရှိသော ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ လိုက်နာမှုမရှိခြင်းကြောင့် ဖြစ်ပေါ်လာ နိုင်သည့်ဆုံးရှုံးနိုင်ခြေများကိုလျော့ချနိုင်ရန် ဘဏ်လုပ်ငန်းအမျိုးအစား များနှင့် ဝန်ဆောင်မှုအသစ်များအား ပြန်လည်သုံးသပ်ရန်နှင့် အတည်ပြုရန်၊

(၄) ဘဏ်သည် ဥပဒေများ၊ စည်းမျဉ်းများနှင့်သက်ဆိုင်ရာ ဌာနတွင်းမူဝါဒများ နှင့်အညီ လိုက်နာဆောင်ရွက်မှုများအား စောင့်ကြပ်ကြည့်ရှုရန်နှင့် အစီရင်ခံတင်ပြရန်။

(ဃ) ဖြစ်ပေါ်လာနိုင်သောအမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေကိုဖော်ထုတ်ရန် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအသစ်များကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လက်ရှိ ဆက်သွယ်ဆောင်ရွက်လျက်ရှိသူများကို ကာလအပိုင်းအခြားအလိုက် ပြန်လည်သုံးသပ်ခြင်း၊

(င) အောက်ပါတို့နှင့်သက်ဆိုင်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ထားခြင်း-

(၁) ဘဏ်၏ မှားယွင်းဆောင်ရွက်မှုကြောင့် ဥပဒေနှင့်အမည်ဂုဏ်သတင်း ထိခိုက်ပျက်စီးခြင်း ဆုံးရှုံးနိုင်ခြေများကိုလျော့နည်းအောင် ဆောင်ရွက်ရန် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ(အထူးသဖြင့် ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူတစ်ဦးချင်း) အတွက်မျှတသော ဝန်ဆောင်မှုပေးခြင်း၊

(၂) ဘဏ်၏ လက်အောက်ခံလုပ်ငန်းများထူထောင်ခြင်းအပါအဝင် ဆီလျော်မှု မရှိသည့် ရင်းနှီးမြှုပ်နှံမှုများကြောင့် ဥပဒေ သို့မဟုတ် အမည်ဂုဏ်သတင်း ဆိုင်ရာဆုံးရှုံးနိုင်ခြေဖြစ်ပေါ်နိုင်မှုများကိုလျော့နည်းအောင်ဆောင်ရွက်ရန်။

(စ) ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ မြင့်မားစေမည့် ဘဏ်လုပ်ငန်းအမျိုးအစားဆောင်ရွက်ချက်များ၊ ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူများနှင့်ရင်းနှီးမြှုပ်နှံမှုများကို အတည်ပြုပေးရန်အတွက် အခွင့်အာဏာ အဆင့်ဆင့်ကို သတ်မှတ်ထားရှိခြင်း၊

(ဆ) ဆုံးရှုံးနိုင်ခြေဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းတာဝန် (Risk Management Function) ၌ ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေလုပ်ငန်းဌာန (Legal, Regulatory and Reputational Risk Unit) ရှိ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာအရာရှိချုပ် (Chief Risk Management Officer) သို့မဟုတ် ဘဏ်တစ်ခုလုံးနှင့် သက်ဆိုင်သည့် ဆုံးရှုံးနိုင်ခြေများအတွက် တာဝန်ရှိသည့် ပုဂ္ဂိုလ်ထံသို့ အစီရင်ခံတင်ပြသည့် စနစ်ချမှတ်ခြင်း၊ လုပ်ငန်းတာဝန်တစ်ခုချင်းစီ အလိုက် သီးခြားလွတ်လပ်စွာ ဆောင်ရွက်ရာ၌ ဥပဒေ၊စည်းမျဉ်းနှင့် အမည် ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ စီမံခန့်ခွဲခြင်းအပေါ် ပူးပေါင်း ဆောင်ရွက်မှုကို မြှင့်တင်ရန်အတွက် ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) နှင့်စည်းမျဉ်းများ လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ဝတ္တရားများချမှတ်ခြင်း၊

(ဇ) စည်းမျဉ်းများလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဆောင်ရွက်မှု အပါအဝင် ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအပေါ် ထိရောက်စွာ ထိန်းချုပ်ကွပ်ကဲမှုများအား ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဖြင့် ပုံမှန်စစ်ဆေးခြင်း။

၅။ ဘဏ်များသည် ဥပဒေ၊ စည်းမျဉ်းနှင့် အမည်ဂုဏ်သတင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေလက်ခံနိုင်မှု (Risk Tolerance) အပြင် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်း (Identification)၊ တိုင်းတာစစ်ဆေးခြင်း (Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Controlling) တို့အတွက် ချမှတ်ထားသောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်း များကို စာတမ်းအမှတ်အသားများဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်၏ မူဝါဒများကို ဒါရိုက်တာအဖွဲ့ကအတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

**နောက်ဆက်တွဲ (၆)**

## မဟာဗျူဟာဆိုင်ရာဆုံးရှုံးနိုင်ခြေ (Strategic Risk)

မဟာဗျူဟာဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (Strategic Risk) ဆိုသည်မှာ ဈေးကွက်နှင့် စီးပွားရေး လုပ်ငန်းဝန်းကျင်၌ စိန်ခေါ်မှုများ ကြီးမားကျယ်ပြန့်လာခြင်းအပေါ် ဘဏ်က တုန့်ပြန်နိုင်မည့် သင့်လျော်မှုရှိသော မဟာဗျူဟာကိုထိန်းသိမ်းရန် ပျက်ကွက်ခြင်းကြောင့် ဘဏ်၏လုပ်ငန်း ဆောင်ရွက်ချက်များနှင့် ငွေရေးကြေးရေးအခြေအနေတို့အပေါ် ဆိုးကျိုးသက်ရောက်စေသည့် ဆုံးရှုံးနိုင်ခြေကို ဆိုသည်။

၁။ ဘဏ်များသည် မဟာဗျူဟာကိုအောင်မြင်စွာအကောင်အထည်ဖော်ရန် အရေးပါသည့် ဆုံးရှုံးနိုင်ခြေများကိုဖြစ်ပေါ်စေသည့် အရင်းအမြစ်များအားလုံးကို အောက်ဖော်ပြပါအတိုင်း သတ်မှတ်ဖော်ထုတ်ရမည်-

(က) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သို့မဟုတ် အတိုးနှုန်းနှင့် ငွေလဲလှယ်နှုန်း များစသည့် ငွေရေးကြေးရေးဆိုင်ရာကိန်းရှင်များကြောင့် ဆိုးကျိုး ဖြစ်ပေါ်မှု၊

(ခ) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံပြင်ပရှိ ဘဏ်များဝင်ရောက်လာမှုအပါအဝင် ယှဉ်ပြိုင်လုပ်ကိုင်မှုတိုးပွားလာမှု၊

(ဂ) မြန်မာနိုင်ငံ သို့မဟုတ် နိုင်ငံတကာ၌ ဥပဒေများ၊ စည်းမျဉ်းများနှင့် ကျင့်သုံးလျက် ရှိသောစာရင်းကိုင်စံများတွင်ပြောင်းလဲမှုများ၊

(ဃ) သတင်းအချက်အလက်နှင့်နည်းပညာ၊ ပရိုဂျက်စီမံခန့်ခွဲမှု၊ စာရင်းကိုင်ပညာရပ်နှင့် အခြားသောအထူးပြုကျွမ်းကျင်မှုများအပါအဝင် ကျွမ်းကျင်မှုအရည်အသွေးများ မပြည့်မီမှု သို့မဟုတ် ဝန်ထမ်းအင်အား မလုံလောက်မှုများ၊

(င) ငွေရေးကြေးရေးအရင်းအမြစ်များ၊ သတင်းအချက်အလက်နှင့် နည်းပညာပိုင်း ဆိုင်ရာစွမ်းဆောင်နိုင်မှု စာရင်းစစ်ဆေးခြင်း သို့မဟုတ် အကြံပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများရရှိနိုင်မှုတို့အပါအဝင် အခြားသောအရင်းအမြစ်များ အကန့်အသတ် သို့မဟုတ် ချို့တဲ့မှုများ၊

(စ) ဘဏ်လုပ်ငန်းအမျိုးအစားများနှင့်ဝန်ဆောင်မှုများအပေါ် ဘဏ်နှင့်ဆက်သွယ် ဆောင်ရွက်သူများ၏ လိုအပ်ချက်များတွင် မျှော်လင့်မထားသည့်ပြောင်းလဲမှုများ၊

(ဆ) ဝန်ဆောင်မှုပေးသောလမ်းကြောင်းများ၌မျှော်လင့်မထားသည့် ပြောင်းလဲမှုများ၊ ဥပမာအားဖြင့်မိုဘိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှု၊

(ဇ) ဘဏ်၏မဟာဗျူဟာပိုင်းဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ရန်နှင့် သင့်လျော်မှုရှိသည့် အရေးယူတုန့်ပြန်မှုများဆောင်ရွက်ရန် ပျက်ကွက်မှုများ။

(ဈ) ဘဏ်တွင်းနှင့်ဘဏ်ပြင်ပရှိအဓိကပါဝင်သူများကိုမဟာဗျူဟာနှင့်ပတ်သက်၍ ထိရောက်စွာ ဆက်သွယ်ဆောင်ရွက်ရန် ပျက်ကွက်မှုများ။

(ည) ဘဏ်၏ မဟာဗျူဟာဖွံ့ဖြိုးစေရန်အတွက် လုပ်ငန်းစဉ်ပြည့်စုံမှုမရှိခြင်း သို့မဟုတ် ဘဏ်၏ ဖွဲ့စည်းပုံ သို့မဟုတ် အုပ်ချုပ်မှုအားနည်းချက်များ၊

(ဋ) ဒါရိုက်တာအဖွဲ့ သို့မဟုတ် အဆင့်မြင့်စီမံခန့်ခွဲသူများက မဟာဗျူဟာဆိုင်ရာ ပြဿနာရပ်များအပေါ် အလေးပေးဆောင်ရွက်မှုများ မလုံလောက်မှု၊ (ဥပမာ အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်သော ချေးငွေများကဲ့သို့ အစဉ်အဆက် ပေါ်ပေါက်ခဲ့သောပြဿနာများကိုဖော်ထုတ်ရန် လိုအပ်ခြင်း)

၂။ ဘဏ်များသည် ယင်းတို့၏ အဓိကကျသော မဟာဗျူဟာဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်ရမည်။ ဘဏ်များသည် အောက်ပါကိစ္စရပ်များအတွက် ဒါရိုက်တာအဖွဲ့၏အတည်ပြုချက်ရယူသည့် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်-

(က) ဘဏ်၏ မဟာဗျူဟာဖွံ့ဖြိုးစေခြင်းနှင့် ကျင့်သုံးခြင်းတို့ကို အောက်ပါတို့ဖြင့် ဆောင်ရွက်ခြင်း-

(၁) အဆင့်မြင့်စီမံခန့်ခွဲသူများနှင့် ဒါရိုက်တာအဖွဲ့၏ တာဝန်နှင့် ဝတ္တရားများ အပါအဝင် တာဝန်နှင့် ဝတ္တရားများသတ်မှတ်ခြင်း၊

(၂) ဘဏ်လုပ်ငန်းဝန်ဆောင်မှုဌာနများ၊ ထိန်းချုပ်ကွပ်ကဲမှုလုပ်ငန်း တာဝန်များ၊ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဘဏ်နှင့်အခြားသော အဓိကပါဝင်သူများအား သင့်လျော်သလို သေချာစွာပါဝင် ဆောင်ရွက်စေခြင်း၊

(၃) မဟာဗျူဟာသည် မေခရိုစီးပွားရေးအခြေအနေများ၊ စည်းမျဉ်းများ၊ ယှဉ်ပြိုင်မှု၊ မတည်ငွေရင်းနှင့် ဘဏ္ဍာငွေထောက်ပံ့မှု ရရှိနိုင်ခြင်း၊ ဝန်ထမ်းခန့်အပ်ခြင်း၊ သတင်းအချက်အလက်နှင့်နည်းပညာဆိုင်ရာ အရင်းအမြစ်များ စသည်တို့အပေါ် လက်တွေ့ကျသော ယူဆချက်များဖြင့် အခြေခံပြီး၊ ဘဏ်ကလက်ခံလိုသော ဆုံးရှုံးနိုင်ခြေနှင့် ကိုက်ညီမှုရှိစေရန် သေချာစွာဆောင်ရွက်စေခြင်း၊

(၄) သဘောတူညီထားသောမဟာဗျူဟာသည် ဘဏ်လုပ်ငန်းဝန်ဆောင်မှု ဌာနအလိုက်လုပ်ငန်းအစီအစဉ်များ၊ ငွေရေးကြေးရေးခန့်မှန်းချက်များ (ဝင်ငွေနှင့်အသုံးစရိတ်ဘတ်ဂျက်)နှင့် မတည်ငွေရင်း စီမံခန့်ခွဲမှု အစီအစဉ်တို့အပေါ် သေချာစွာ ထင်ဟပ်ပေါ်လွင်မှုရှိခြင်း၊ ဘဏ်နှင့် အဓိကပါဝင်သူများသို့ ထိရောက်သော ဆက်သွယ်ဆောင်ရွက်ချက်များ သေချာစွာဆောင်ရွက်စေခြင်း၊

(ခ) ကျိုးကြောင်းခိုင်လုံမှုကို အခြေပြုထားသော ယူဆချက်များအပါအဝင် ဆက်နွှယ်နေသည့် လုပ်ငန်းအစီအစဉ်များနှင့် မဟာဗျူဟာအား အကောင်အထည်ဖော် ဆောင်ရွက်မှုကိုစောင့်ကြပ်ကြည့်ရှုခြင်း၊

(ဂ) မဟာဗျူဟာများကို ပုံမှန်သုံးသပ်ရာတွင် အောက်ပါတို့ပါဝင်ခြင်း-

(၁) မေခရိုစီးပွားရေးနှင့်ငွေရေးကြေးရေးအခြေအနေများနှင့် ဆက်စပ်နေသည့် အချက်များ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ လိုအပ်ချက်များနှင့် အနာဂတ်တွင်တောင်းဆိုလာနိုင်သည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ စသည့် အဓိကကျသောခန့်မှန်းချက်များကို ပုံမှန်စမ်းသပ်စစ်ဆေးခြင်း၊

(၂) ငွေရေးကြေးရေးဆိုင်ရာလုပ်ဆောင်ချက်များအပါအဝင် ပေါ်ထွက်လာသော ရလာဒ်များနှင့် အစီအစဉ်များအကြား ကွဲလွဲချက် ဖြစ်ပေါ်ရသည့် အကြောင်းအရင်းများကို အကဲဖြတ်သုံးသပ်ခြင်း၊

(၃) မဟာဗျူဟာတွင်ပြောင်းလဲရန်လိုအပ်ချက်များအားသတ်မှတ်ဖော်ထုတ်ခြင်းနှင့် ယင်းအပြောင်းအလဲများအကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် လိုအပ်မည့်အချိန်ကာလသတ်မှတ်ခြင်း၊

(၄) မဟာဗျူဟာအား အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အရင်းအမြစ်များ သို့မဟုတ် ဘဏ်၏ လုပ်ငန်းဖွဲ့စည်းပုံနှင့် အုပ်ချုပ်မှု တို့နှင့်ဆက်စပ်နေသည့် အရင်းအမြစ်များ၏ ပြောင်းလဲမှုများကို သတ်မှတ် ဖော်ထုတ်ခြင်းနှင့် အစီအစဉ်ရေးဆွဲခြင်း၊

(၅) ဘဏ်၏မဟာဗျူဟာအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများအပေါ် ဘဏ်၏ အကဲဖြတ် ဆန်းစစ်ချက်များနှင့် ဆုံးရှုံးနိုင်ခြေများကို လျော့နည်းအောင် ဆောင်ရွက်ရန် အရေးယူဆောင်ရွက်ချက်များအား ပြန်လည်သုံးသပ်ခြင်း နှင့်နောက်ဆုံး အခြေအနေနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ခြင်း။

၃။ ဘဏ်သည် မဟာဗျူဟာနှင့်သက်ဆိုင်သော ရည်ရွယ်ချက်များ၌ ဆုံးရှုံးနိုင်ခြေများ ဖြစ်ပေါ်ပါက သင့်လျော်သောအရေးယူဆောင်ရွက်မှုများဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ် အစီအစဉ်များ ထိန်းသိမ်းထားရန် ထည့်သွင်းစဉ်းစားထားရမည်။ ဤအစီအစဉ်များတွင် မတည်ငွေရင်း ထပ်မံတိုးမြှင့်ထည့်ဝင်ခြင်း၊ အထူးပြုကျွမ်းကျင်ပညာရှင်များ ခန့်အပ်ခြင်း သို့မဟုတ် ပြင်ပမှ အကြံပေးများနှင့်ဆောင်ရွက်ခြင်းအပြင် ရှေ့ဆက်လက်ဆောင်ရွက်ခြင်း မပြုရန် သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ရမည်။ ဘဏ်၏ အရေးပေါ် အစီအစဉ်များသည် မတည်ငွေရင်းစီမံခန့်ခွဲခြင်းနှင့် ဘဏ်လုပ်ငန်းများစဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်နှင့်ကိုက်ညီမှုရှိရမည်။

၄။ ဘဏ်သည် မဟာဗျူဟာကိုအောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာအားချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ ပြန်လည်သုံးသပ်ခြင်း၊ နောက်ဆုံးအခြေအနေနှင့်ကိုက်ညီအောင် ဆောင်ရွက်ခြင်း၊ ဆုံးရှုံးနိုင်ခြေ များအား အကဲဖြတ်ဆန်းစစ်ခြင်းနှင့် လျော့နည်းအောင်ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အပါအဝင် မဟာဗျူဟာဆိုင်ရာဆုံးရှုံးနိုင်ခြေအပေါ် ထိရောက်သော ထိန်းချုပ်ကွပ်ကဲမှုရှိ/မရှိ ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းဖြင့် ပုံမှန်ပြန်လည်သုံးသပ်ရမည်။

**နောက်ဆက်တွဲ (၇)**

## လုပ်ငန်းအုပ်စုနှင့် ဆက်နွှယ်နေသူများဆိုင်ရာ ဆုံးရှုံးနိုင်ခြေ

## (Group and Related Parties Risk)

လုပ်ငန်းအုပ်စုနှင့်ဆက်နွှယ်နေသူများဆိုင်ရာဆုံးရှုံးနိုင်ခြေ (Group and Relatd Parties Risk) ဆိုသည်မှာ ဘဏ်တစ်ဘဏ်က ကုမ္ပဏီအုပ်စုတစ်ခုတွင် အဖွဲ့ဝင်ဖြစ်ခြင်း သို့မဟုတ် ကုမ္ပဏီအုပ်စုနှင့်ဆက်နွှယ်နေသူများနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း သို့မဟုတ် ဆက်နွှယ်မှုရှိခြင်းတို့ကြောင့် အရှုံး သို့မဟုတ် အမည်ဂုဏ်သတင်း ထိခိုက်ပျက်စီးစေခြင်းကြောင့် ဖြစ်ပေါ်သော ဆုံးရှုံးနိုင်ခြေကို ဆိုသည်။

၁။ ဘဏ်များသည် အရေးပါသော လုပ်ငန်းအုပ်စုနှင့် ဆက်နွှယ်နေသူများဆိုင်ရာ ဆုံးရှုံးနိုင်ခြေအရင်းအမြစ်များအားလုံးကို အောက်ပါအတိုင်း သတ်မှတ်ဖော်ထုတ်ရမည်–

(က) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၆၄ နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၉) ၌ သတ်မှတ်ထားသည့်အတိုင်း ဘဏ်နှင့်အုပ်စုတစ်ခုတည်းအောက်ရှိနေသည့် အခြားလုပ်ငန်းများ သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်နေသူများသို့ ထုတ်ချေးထားသော ချေးငွေများနှင့် အခြားသောချေးငွေဆိုင်ရာဝန်ဆောင်မှုများ၊

(ခ) အာမခံပေးခြင်း (Guarantees) သို့မဟုတ် အာမခံပစ္စည်း (Collateral) ပေးအပ်ခြင်း၊ လုပ်ငန်းဆောင်ရွက်ချက် စာချုပ်စာတမ်း (Performance Bonds) နှင့် အခြားကတိကဝတ်များ (Other Commitments)၊

(ဂ) လက်အောက်ခံအဖွဲ့အစည်းများ၌ ရင်းနှီးမြှုပ်ထားသည့် တန်ဖိုးများ လျော့နည်းကျဆင်းခြင်း၊ သို့မဟုတ် ဘဏ်နှင့် အုပ်စုတစ်ခုအတွင်းရှိနေသော အခြားလုပ်ငန်းများ၏ ငွေရေးကြေးရေးဆိုင်ရာ ချွတ်ယွင်းအားနည်းမှုများက ဘဏ်အပေါ် ပျံ့နှံ့စေခြင်းကြောင့် ဖြစ်ပေါ်လာသည့်အရှုံးများ၊

(ဃ) ဝန်ထမ်းချေးငွေအစီအစဉ်များမှ ဆုံးရှုံးနိုင်ခြေဖြစ်ပေါ်နိုင်မှုများ၊

(င) ဘဏ်နှင့် အုပ်စုတစ်ခုအတွင်းရှိနေသော အခြားလုပ်ငန်းများ သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်နေသည့် အဖွဲ့အစည်းများ၏ စီးပွားရေးထိခိုက်ကျဆင်းမှုကြောင့် ဘဏ်အပေါ် သက်ရောက်လာစေနိုင်သည့် အမည်ဂုဏ်သတင်းထိခိုက်ပျက်စီးနိုင်မှု၊

(စ) ဘဏ်နှင့်အုပ်စုတစ်ခုအတွင်းရှိနေသော အခြားလုပ်ငန်းများ သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်နေသည့်အဖွဲ့အစည်းများသို့ ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ၎င်းတို့ထံမှ ဝန်ဆောင်မှုရယူခြင်း၊ အထူးသဖြင့်ဘဏ်သည် အရေးပါသော ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ၎င်းနှင့်အုပ်စုတူလုပ်ငန်းများ သို့မဟုတ် ဆက်နွှယ်နေသည့်အဖွဲ့အစည်းများထံမှ မှီခိုနေရခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ၊

(ဆ) ကုန်ပစ္စည်းများ၊ အိမ်ခြံမြေများနှင့် ရရန်ပိုင်ခွင့်များနှင့်ပတ်သက်၍ ဘဏ်နှင့်အုပ်စုတူလုပ်ငန်းများ သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်နေသည့်အဖွဲ့အစည်းများထံသို့ ဘဏ်က လွှဲပြောင်းပေးခြင်း၊ ရောင်းချခြင်းနှင့် ၎င်းတို့ထံမှ လွှဲပြောင်းရယူခြင်း၊ ဝယ်ယူခြင်းတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ၊

(ဇ) ဘဏ်နှင့်အုပ်စုတူလုပ်ငန်းများ သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်နေသည့် အဖွဲ့အစည်းများအတွက် ပေးရန်တာဝန်များပေးချေခြင်းမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများ။

၂။ ဘဏ်များသည်အရေးပါသော လုပ်ငန်းအုပ်စုနှင့်ဆက်နွှယ်နေသူများဆိုင်ရာ ဆုံးရှုံးနိုင်ခြေနှင့်စပ်လျဉ်း၍ အောက်ပါတို့ဖြင့် တိုင်းတာစစ်ဆေးဆောင်ရွက်ရမည်–

(က) ဘဏ်များသည် အခြားသောဆက်နွှယ်နေသူများအားလုံးနှင့် ၎င်းတို့နှင့် ဆက်နွှယ်နေသော အစိတ်အပိုင်းအပါအဝင် ၎င်းတို့နှင့်ဆက်စပ်နေသော လုပ်ငန်းအုပ်စုမှ အခြားသောအဖွဲ့ဝင်များ၏ လုပ်ငန်းများအားလုံးကို သတ်မှတ်ဖော်ထုတ်ရန် လုပ်ငန်းအစီအစဉ်များ ချမှတ်ရေးဆွဲထားရမည်။ ထိုသို့ဆောင်ရွက်ရာတွင် ယင်းတို့ နှင့် သက်ဆိုင်သော အောက်ပါအချက်များကို ရယူကြည့်ရှုရမည်–

(၁) ယင်းလုပ်ငန်းအုပ်စုဖွဲ့စည်းပုံနှင့် ဖွဲ့စည်းထားရှိမှု (Structure and Organization)၊ ၎င်းတို့၏ အဓိကကျသောအစုရှယ်ယာရှင်များ (Major Shareholders) နှင့်အဆင့်မြင့်စီမံခန့်ခွဲသူများ (Senior Management) တို့၏ အသေးစိတ်အချက်အလက်များ၊

(၂) လုပ်ငန်းအုပ်စုတစ်ခုလုံး စုပေါင်းထားသော နှစ်ချုပ်ငွေရေးကြေးရေး ရှင်းတမ်းများ (Consolidated Annual Finanical Statements) နှင့် စာရင်းစစ်အစီရင်ခံစာ (Audit Report) များအပြင် လုပ်ငန်းအုပ်စု အတွင်းရှိ အဖွဲ့ဝင်လုပ်ငန်းများ၏ စာရင်းစစ်ဆေးပြီးသော ငွေရေးကြေးရေး ရှင်းတမ်းများ (Audited Financial Statements) အပါအဝင် လုပ်ငန်း အုပ်စုနှင့်အဓိကကျသော ကုမ္ပဏီများ၏ငွေရေးကြေးရေးဆိုင်ရာ အချက် အလက်များ၊

(၃) လုပ်ငန်းအုပ်စု၏ အုပ်ချုပ်မှုဆိုင်ရာအစီအစဉ်များ (Governance Arrangements)၊ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) နှင့် ဌာနတွင်းထိန်းချုပ်ကွပ်ကဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (Internal Control Procedures)။

(ခ) ဘဏ်သည်လုပ်ငန်းအုပ်စုတွင် အဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားသော ဆက်နွှယ် နေသူများနှင့်ပတ်သက်ဆက်နွှယ်ရာမှ ဖြစ်ပေါ်လာနိုင်သော ဆုံးရှုံးနိုင်ခြေများကို အကဲဖြတ် ဆန်းစစ်ရမည်။ ထိုသို့အကဲဖြတ်ဆန်းစစ်ရာ၌ လုပ်ငန်းအုပ်စု၏ ငွေရေးကြေးရေး အခြေအနေပေါ်မူတည်၍ ချေးငွေနှင့်ပိုင်ဆိုင်မှုအချိုး (Debt to Equity Ratio) ၊ အမြတ်ရရှိနိုင်မှုအချိုးများ (Profitability Ratios) စသည့် ကိန်းဂဏန်းဆိုင်ရာ (Quantative) စိစစ်လေ့လာအကဲဖြတ်ခြင်း၊ လိုအပ်ပါက လုပ်ငန်းအုပ်စု၏စီမံခန့်ခွဲသူများနှင့် ဆွေးနွေးချက်များအား ကောက်နှုတ်၍ အရည်အသွေးပိုင်းဆိုင်ရာ (Qualitative) အကဲဖြတ်ဆောင်ရွက်ရမည်။

၃။ ဘဏ်များသည် ယင်းတို့၏ အရေးပါသော လုပ်ငန်းအုပ်စုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများ (Group Risks) ကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ထိန်းချုပ်ကွပ်ကဲခြင်းတို့ဆောင်ရွက်ရာ၌ အောက်ပါ တို့ကို ဆောင်ရွက်ရမည်-

(က) လုပ်ငန်းအုပ်စုအတွင်းရှိ ကုမ္ပဏီများနှင့် အခြားသောဆက်နွှယ်နေသူများ ဆိုင်ရာကိစ္စရပ်အဝဝကို ပုံမှန်သုံးသပ်၍ အဆင့်မြင့်စီမံခန့်ခွဲသူများ (Senior Management) ၊ ဒါရိုက်တာအဖွဲ့ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Board Risk Management Committee)တို့ရှိပါက ကော်မတီနှင့်ဒါရိုက်တာ အဖွဲ့တို့သို့ အစီရင်ခံတင်ပြခြင်း၊

(ခ) ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအသစ်များသည် ဘဏ်နှင့်ဆက်နွှယ်မှုရှိ၊ မရှိအကဲဖြတ်ရန်အတွက် လုပ်ထုံးလုပ်နည်းများအပါအဝင် ဘဏ်၏ လုပ်ငန်းအုပ်စုမှအဖွဲ့ဝင်လုပ်ငန်းများနှင့် ယင်း၏ဆက်နွှယ်နေသူများမှဆုံးရှုံးနိုင်ခြေများကို သတ်မှတ်ဖော်ထုတ်ခြင်းကို သေချာစေမည့် ထိန်းချုပ်ကွပ်ကဲခြင်း၊

(ဂ) လုပ်ငန်းအုပ်စုအဖွဲ့ဝင်များ၊ အခြားသောဆက်နွှယ်နေသူများနှင့် ဆောင်ရွက်သည့် ချေးငွေလုပ်ငန်းအမျိုးမျိုး (Credit Facilities) နှင့်အခြားသောဆောင်ရွက်ချက်များသည် ဈေးကွက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအတိုင်း ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်သည့် ဆက်နွှယ်သူများဆိုင်ရာ ညွှန်ကြားချက်အမှတ် (၁၁/၂၀၁၉) ပါ သတ်မှတ်ချက်များအတိုင်းဆောင်ရွက်ချက်များ သေချာစေရန်ထိန်းချုပ်ကွပ်ကဲခြင်း၊

(ဃ) ယင်းတို့၏ဆုံးရှုံးနိုင်ခြေများ လျော့နည်းအောင်ဆောင်ရွက်ရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးစေရန် အောက်ပါတို့ဖြင့် ဆောင်ရွက်ခြင်း-

(၁) လုပ်ငန်းအုပ်စုထံမှ လုပ်ငန်းဝန်ဆောင်မှုကို ရယူအသုံးပြုသည့်အပေါ် ကန့်သတ်ချက်များအပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ ဘဏ်နှင့် လုပ်ငန်းအုပ်စုများနှင့် ဆက်နွှယ်နေသူများ၏ အခြားအဖွဲ့ဝင်များတို့နှင့်သက်ဆိုင်သော ကြွေးမြီဆိုင်ရာကိစ္စရပ်အဝဝအပေါ် ကန့်သတ်ချက်များ ချမှတ်ခြင်း၊

(၂) လုပ်ငန်းအုပ်စုနှင့်ဆက်နွှယ်နေသူများ၏ ကြွေးမြီများနှင့်စပ်လျဉ်း၍ အပေါင်ပစ္စည်း (Collateral) သို့မဟုတ် အာမခံပေးခြင်းများ (Guarantees) သို့မဟုတ် ဆုံးရှုံးနိုင်ခြေများလျော့နည်းစေသည့် အခြားသတ်မှတ်ချက်များ သတ်မှတ်ခြင်း၊

(၃) ဘဏ်၏စာရင်းများနှင့်မှတ်တမ်းများတွင် လုပ်ငန်းအုပ်စုမှအခြား ကုမ္ပဏီများ (သို့မဟုတ် အစုရှယ်ယာရှင်များ)၏ ရရန်ပိုင်ခွင့်များအား ဘဏ်၏ ပိုင်ဆိုင်မှုများအဖြစ်စာရင်းရေးသွင်းထားမှုမရှိစေရန် ဆောင်ရွက်ခြင်း၊

(၄) လုပ်ငန်းအုပ်စု၌ ထိရောက်သော ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု (Risk Management) ကို မြှင့်တင်ရန်အတွက် လုပ်ငန်းအုပ်စု၏ စီမံခန့်ခွဲသူများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း။

(င) လုပ်ငန်းစဉ်များနှင့်ထိန်းချုပ်ကွပ်ကဲမှုများဆောင်ရွက်ရာတွင်-

(၁) ဘဏ်သည်ဆောင်ရွက်ချက်များမပြုလုပ်မီငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ၌ ပြဋ္ဌာန်းထားသည့်အတိုင်း ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ရယူပြီး၊ ယင်းအတည်ပြုချက်များကို မှတ်တမ်းတင် ထိန်းသိမ်းထားရှိရမည်။

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရဆောင်ရွက်ချက်များ မပြုလုပ်မီ အာမခံပစ္စည်းတင်သွင်းရမည်။ ထိုသို့ဆောင်ရွက်ရာ၌ လုံလောက်သော အရည်အသွေးပြည့်မီသည့်အာမခံပစ္စည်း၊ သင့်လျော်သည့်တန်ဖိုးဖြတ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ဆီလျော်မှုရှိသော တရားဝင်သဘောတူညီချက်များနှင့်ပတ်သက်၍ လုပ်ငန်းစဉ်များနှင့် ထိန်းချုပ်ကွပ်ကဲမှုများရှိရမည်။

(၃) ဆက်နွယ်နေသူများသို့ ထုတ်ချေးထားသော ကြွေးမြီများနှင့် ဆောင်ရွက်ချက်များ အားလုံးကိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ တင်ပြရမည်။ ဆက်နွယ်နေသူများ၏ ကြွေးမြီများ စာရင်းပယ်ဖျက်ခြင်းကို ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

(စ) ဝန်ထမ်းချေးငွေများအပါအဝင် ဝန်ထမ်းများနှင့်သက်ဆိုင်သော ဆောင်ရွက်ချက်များအတွက် မူဝါဒတစ်ရပ်ချမှတ်ခြင်းနှင့် မည်သည့်ချေးငွေထုတ်ချေးခြင်းမဆို ချမှတ်ထားသောမူဝါဒနှင့်ကိုက်ညီမှုရှိသည့် ထိန်းချုပ်ကွပ်ကဲခြင်းများထားရှိခြင်း၊

၄။ ဘဏ်သည် လုပ်ငန်းအုပ်စုနှင့်ဆက်နွယ်နေသူများဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို ထိန်းချုပ်ကွပ်ကဲမှုများ၏ ထိရောက်မှုရှိ/မရှိ ဘဏ်တွင်းစာရင်းစစ်လုပ်ငန်းများဖြင့် ပုံမှန်စစ်ဆေးသုံးသပ်ရမည်။

၅။ ဘဏ်များသည် လုပ်ငန်းအုပ်စုနှင့်ဆက်နွယ်နေသူများဆိုင်ရာ ဆုံးရှုံးနိုင်ခြေလက်ခံနိုင်မှု အပြင် ဆုံးရှုံးနိုင်ခြေကို သတ်မှတ်ဖော်ထုတ်ခြင်း (Identification)၊ တိုင်းတာစစ်ဆေးခြင်း (Measurement)၊ စောင့်ကြပ်ကြည့်ရှုခြင်း (Monitoring) နှင့် ထိန်းချုပ်ကွပ်ကဲခြင်း (Controlling) တို့အတွက် ချမှတ်ထားသောမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို စာတမ်း အမှတ်အသားများဖြင့် မှတ်တမ်းတင်ထားရမည်။ ဘဏ်၏ မူဝါဒများကို ဒါရိုက်တာအဖွဲ့က အတည်ပြုပြီး အဆင့်မြင့်စီမံခန့်ခွဲသူများက ယင်းတို့ကို အကောင် အထည်ဖော်ဆောင်ရွက် ရမည်။